# အချစ်မှတ်တမ်း

တင်မောင်မြင့်






*If you're a bird, I'm a bird....*




# The Notebook

## Nicholas Sparks

K0292

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇွန်လ၊ ၂၀၁၇ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ဘဌေးကြည်

တန်ဖိုး - ၃၅၀၀ ကျပ်

# အချစ်မှတ်တမ်း

## တင်မောင်မြင့်

# THE NOTE BOOK

***Nicholas Sparks***

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၀၁၂၃၄၀ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

www.facebook.com/KantKawWutYeePublishing

တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

# အခန်း ( ၁ )

## ဒဏ္ဍာရီဆန်လွန်းလှသည်

ကျွန်တော် ဘယ်သူလဲ။ သည်ဇာတ်လမ်းကို ဘယ်လို အဆုံးသတ်မှာလဲ။ ကျွန်တော် သေသေချာချာ မသိ။ ဇဝေဇဝါ ဖြစ်နေ၏။

နေထွက်လာပါပြီ။ မှန်တွေ မကြည်လင်တော့သည့် ပြတင်းအိုနားတွင် ကျွန်တော် ထိုင်နေသည်။ သည်မနက်ခင်းအကြောင်း ကျွန်တော် ပြန်စဉ်းစားနေမိသည်။ ကျွန်တော့်ပုံကို ကြည့်ပါဦး။

ရှပ်အင်္ကျီ နှစ်ထပ် ဝတ်ထားသည်။ ဘောင်းဘီရှည်က ပွပွကြီး၊ မာဖလာကို လည်ပင်းတွင် နှစ်ပတ်ကျော့ ရစ်ထားသည်။ ပြီးတော့ ဆွယ်တာအထူကြီး ထပ်ဝတ်ထားသေး၏။ လွန်ခဲ့သည့် နှစ်သုံးဆယ်က ကျွန်တော့်သမီး ထိုးပေးသည့် ကျွန်တော့်အတွက် မွေးနေ့လက်ဆောင် သိုးမွေးဆွယ်တာ။

အခန်းကျဉ်းကလေးထဲရှိ လေနွေးစက်သည် ပုံပြင်ထဲမှ နဂါးတစ်ကောင်လို အပူငွေ့တွေ မှုတ်ထုတ်နေသည်။ မျက်နှာကြက်နားတွင် ကပ်ပြီး ဆင်ထားသည့် အပူပေးစက်မှ အသံ တိုးတိုးမြည်နေသည်။ သို့သော် အအေးဓာတ်က ကျွန်တော့်အတွက် ထွေးပတ် မလုံနိုင်အောင်ပင်။ အင်း… ဘယ်တော့များမှ ဒီဝဋ်က ကျွတ်မှာလဲ မသိ။ အခြား ကျွန်တော့်လို ရှစ်ဆယ် အရွယ်တွေလည်း ကျွန်တော့်လိုပဲလား သိချင်နေသည်။

ကျွန်တော့်ဘဝလား၊ ကျွန်တော့်အကြောင်းကတော့ အပြောရ ခပ်ခက်ခက်ပင်။ ဘာမျှ ထူးခြားသည့် ဘဝမျိုး မဟုတ်ပါ။ စွန့်စားခန်းတွေလည်း ပြောပလောက်အောင် မဖွင့်ခဲ့ဖူးပါ။ ဈေးကောင်းနေသည့် စတော့စာရွက်နှင့်နှိုင်းသော် ရစကောင်း၏ဟု ထင်မိပါသည်။ သို့သော် အတက်၊ အကျ အမြဲ ရှိနေသည်သာ။ သည်လောက်ပဲ ကျွန်တော် ပြောတတ်ပါသည်။ လူတိုင်းလူတိုင်း ကိုယ့်ဘဝဇာတ်လမ်းကိုယ် မပြောတတ်ကြကြောင်း ကျွန်တော် သိထားသည်။ သည်လို ချီလိုက်လို့ သိပ်ကြီးကြီးကျယ်ကျယ် မယူဆစေလိုပါ။ ကျွန်တော်ဟာ သာမန် လူတစ်ယောက်ပါ။ အများထဲက လူတစ်ယောက်ပါ။ အရှိအတိုင်း ကျွန်တော်ပြောခြင်း ဖြစ်ပါသည်။ အမှတ်တရ ကျောက်တိုင်စိုက်ရမည့် နာမည်မျိုး မဟုတ်ပါ။ အချိန်တန်ရင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားမည့်နာမည် ဖြစ်ပါသည်။ သို့သော် ကျွန်တော့်မှာ နှလုံးသားနှင့်ရော ဝိညာဉ်နှင့်ပါ နှစ်ပြီး ချစ်ခဲ့သည့် အချစ်မျိုးတော့ ရှိခဲ့သည်။ ကျွန်တော့်အတွက်တော့ ဒါနှင့်ပင် လုံလောက်နေပြီ၊ သေပျော်ပြီဟု ခံယူထားပါသည်။

သည်ဇာတ်လမ်းကို စိတ်ကူးယဉ်တတ်သူများက အချစ်ဝတ္ထုလို့ ဆိုကြပါလိမ့်မည်။ ယင်းနှင့် ဆန့်ကျင်ဘက်သမားများကတော့ အလွမ်းဝတ္ထုစာရင်း သွင်းကြပါလိမ့်မည်။ ဘယ်သူတွေ ဘာပဲပြောပြော ကျွန်တော်ကတော့ နှစ်မျိုးစလုံး အကျုံးဝင်မည် ထင်ပါသည်။ မည်သို့ အမည်ပေးသည်ဖြစ်စေ ဇာတ်လမ်း၏ကျောရိုးမှာ ကျွန်တော့်ဘဝ ဖြစ်ပါသည်။ ကျွန်တော် ရွေးချယ်ခဲ့သည့် ဇာတ်လမ်းအတွက် ကျွန်တော် နောင်တမရပါ။ သည်ဇာတ်လမ်းတွင် ကျွန်တော် ပါဝင်ခဲ့ရသည့် အခန်းကဏ္ဍသည်လည်း သမာသမတ်ရှိသည်ဟု ယုံကြည်ပါသည်။ လမ်းမှန်ကမ်းမှန်ဟု ယုံကြည်ပါသည်။

သို့သော် ကံကြမ္မာ အလှည့်အပြောင်းများကြောင့် ဘဝလမ်းကြောင်းမှာ ခယောင်းတော ဖြစ်ခဲ့ရလေသည်။ ဒုက္ခပင်လယ်ဝေခဲ့ရလေသည်။ လွန်ခဲ့သည့် သုံးနှစ်ကာလအထိ ကြိတ်မှိတ်ခံနိုင်ခဲ့သေးသည်။ ခုတော့ ပိလာသည့်ဝန်ကို တွန်းလှန်ဖို့ မဖြစ်နိုင်တော့ပြီ။ တစ်ကိုယ်လုံး ရောဂါပေါင်းစုံ ဖိစီးကာ ကျန်းမာရေး အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာခဲ့သည်။ လေလျော့နေသည့် ဘောလုံးကြီးတစ်လုံးပမာ သုံးမရလောက်အောင် ဖြစ်လာသည်။

ချောင်းတဟွပ်ဟွပ်ဆိုးရင်း နာရီကို ငဲ့ကြည့်လိုက်သည်။ အင်း… အချိန်ကျပြီ။ မတ်တတ်ထပြီး အခန်းထဲတွင် ခြေထောက်တွေ တရွတ်ဆွဲကာ ရုပ်တိုက်လျှောက်သွားသည်။ စားပွဲတွင်ရပ်ပြီး မှတ်စုစာအုပ်ကို ကောက်ယူလိုက်သည်။ အကြိမ်တစ်ရာမက ဖတ်ထားသည့် စာအုပ်။ စာအုပ်ကို ချိုင်းကြား ညှပ်ပြီး သွားရမည့်နေရာသို့ ဆက်လျှောက်သည်။ ကြွေပြားအခင်းမှာ အဖြူရောင်ပေါ်တွင် အညိုရောင် အစက်အပြောက်များ ကြဲပက်ထားသည်။ သည်မှာ ရှိကြသည့် လူအားလုံး ကျွန်တော်နှင့် ဆံပင်ရောင် အတူတူချည်း ဖြစ်သည်။ သူတို့ အားလုံး တီဗွီကို အဖော်ပြု၍ အခန်းအောင်းနေကြဆဲ။ ခန်းမထဲသို့ ထွက်လာသူဟူ၍ ကျွန်တော် တစ်ယောက်သာရှိသည်။ ကျွန်တော်အပါအဝင် သူတို့ အားလုံး သည်လိုဘဝနှင့် အထာကျနေကြပြီ။ လူတစ်ယောက်အဖို့ တစ်နေရာရာတွင် ကြာမြင့်စွာ နေရလျှင် ယင်းနေရာ၊ ယင်းပတ်ဝန်းကျင်နှင့် အသားကျသွားသည့်သဘောပင် ဖြစ်ပါသည်။

ရှေ့နားက အခန်းတစ်ခန်းထဲမှ ငိုရှိုက်သံသဲ့သဲ့ထွက်နေသည်။ ဘယ်အခန်းက ဘယ်သူ ငိုနေသည်ကို ကျွန်တော် သိပါသည်။ သူနာပြုအခန်းဝ ရောက်ပြီ။ ဆရာမတွေ ကျွန်တော့်ကိုမြင်တော့ အပြုံးကိုယ်စီဖြင့် ပြိုင်တူ နှုတ်ဆက်ကြသည်။ ဆရာမတွေ ကျွန်တော့်ကို အံ့သြနေကြမည် ထင်သည်။ ကျွန်တော် ဖြတ်သွားလျှင် တီးတိုး တီးတိုး သဖန်းပိုး လုပ်နေတတ်ကြသည်။

တစ်ယောက်၏ တိုးတိုးပြောသံ ကြားလိုက်သည်။

"ဟိုမှာ သူသွားပြီ၊ အင်း … အခြေအနေ ကောင်းသွားမှာပါ"

သို့သော် ကျွန်တော့်ကိုကား ဘယ်သူမှ တိုက်ရိုက် မပြောကြပေ။

တစ်မိနစ်အတွင်း စေ့ထားသောတံခါးကို တွန်းပြီး ခါတိုင်းလိုပင် ကျွန်တော် အခန်းထဲ ဝင်ခဲ့သည်။ သူနာပြုဆရာမနှစ်ယောက် ရှိနေသည်။ နှစ်ယောက်စလုံး ကျွန်တော့်ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြသည်။

"ဥတ်မောနင်း"

ကျွန်တော်တို့ အာလာပသလ္လာပ စကားများ ဆိုကြသည်။ ငိုရှိုက်သံကြားတွင် ကျွန်တော်တို့ အပြန်အလှန် ပြောနေကြခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက်က ငိုသံကို လုံးဝ သတိထားမိဟန်မတူ။ သူတို့ နားယဉ်နေကြပြီ။ ကျွန်တော်လည်း အတူတူပါပဲလေ။

ကုလားထိုင်တစ်လုံးတွင် ကျွန်တော် ဝင်ထိုင်လိုက်သည်။ ကျွန်တော့် တာဝန် ကျွန်တော် ဆက်လုပ်ရတော့မည်။ ဆရာမတွေက သူ့ကို အဝတ်လဲပေး ပြီးသွားပြီ။ သူက ငိုလို့ကောင်းတုန်း။ သူတို့ထွက်သွားလျှင် တိတ်သွားလိမ့်မည်။ သူ့အကြောင်း ကျွန်တော် သိနေပြီလေ။ နေ့တိုင်းလိုပင် မနက်စောစော သူ ဖောက်တတ်သည်။ ဆရာမနှစ်ယောက် ထွက်သွားကြပြီ။ ဖြတ်လျှောက်သွား တော့ နှစ်ယောက်စလုံး ကျွန်တော့်လက်မောင်းကိုပုတ်ပြီး အပြုံးကိုယ်စီဖြင့် နှုတ်ဆက် အားပေးသွားကြသည်။

ခဏထိုင်ပြီး သူ့ကို ငေးကြည့်နေမိသည်။ သူက ပြန်မကြည့်။ ကျွန်တော် နားလည်ပါသည်။ ကျွန်တော် ဘယ်သူလဲဆိုတာ သူ မသိဘူးလေ။ ကျွန်တော် သည် သူ့အတွက် သူစိမ်းပြင်ပြင်။ တစ်ဖက်ကို မျက်နှာလွှဲလိုက်ပြီး ကျွန်တော် အားတင်းထားလိုက်သည်။ 'တပည့်တော်ကို စိတ်ခွန်အားများ ပေးသနားတော် မူပါ' ဟု ဘုရားသခင်ကို အာရုံပြု ဆုတောင်းလိုက်သည်။

'ကဲ … စတော့' ဟု ကိုယ့်ကိုယ်ကိုယ် အသံတိတ် အမိန့်ပေးလိုက်ပြီး အိတ်ထဲမှ မှန်ဘီလူးထုတ်သည်၊ စားပွဲပေါ်ချသည်၊ ပြီးမှ စာအုပ်ကို ဖွင့်လိုက်သည်။ ပြီးမှ လက်ကို တံတွေးဆွတ်ကာ စုတ်ပြတ်နေသည့် စာရွက်တွေကို လှန်သည်။ ပြီးမှ စာရွက်ပေါ်ကို မှန်ဘီလူး တင်လိုက်သည်။

နေ့တိုင်းလိုပါပဲ။ ဇာတ်လမ်းကို စမဖတ်ခင် ကျွန်တော် ရင်တွေ တုန်နေသည်။ ဒီနေ့ ဘယ်လိုများ ဖြစ်လာဦးမလဲပေါ့။ အခြေအနေက ဘယ်လိုမှ ကြိုမခန့်မှန်းနိုင်ဘူးလေ။ ဒါပေမဲ့ ကျွန်တော် မမှုပါဘူး။ ကျွန်တော့်မှာ မျှော်လင့်ချက် ရှိနေသည် မဟုတ်လား။ သည်မျှော်လင့်ချက်ဖြင့် ကျွန်တော် ဆက်ပြီး လှုပ်ရှားနေခြင်း ဖြစ်ပါသည်။ ရူးတယ်လို့ ဆိုချင်ဆို၊ ကြောင်တယ်လို့ ပြောချင်ပြော ကျွန်တော်ကတော့ ဖြစ်နိုင်ခြေရှိသည်ဟု မြင်နေဆဲ။ အကောင်း မြင်နေဆဲ။

အဆိုးဘက်ကလည်း ကျွန်တော် မြင်ကြည့်ပါ၏။ သို့သော် ဆေးသိပ္ပံ အယူအဆတိုင်းကို ကျွန်တော် လက်ခံ၍ မရပါ။ ဆေးသိပ္ပံက အဖြေမထုတ်နိုင် သည့် ကိစ္စတွေ အများကြီး ရှိနေပါသေးသည်။ ဘဝအတွေ့အကြုံအရ မမျှော်လင့် တာတွေ ဖြစ်တတ်ကြောင်း၊ မထင်တာတွေနှင့် ဆုံရကြောင်းများကို ကျွန်တော် သိထားပြီး ဖြစ်ပါသည်။ လောကတွင် ဒဏ္ဍာရီထက် ပိုပြီး ဒဏ္ဍာရီဆန်တာတွေ

တစ်ပုံကြီး ရှိနိုင်ပါသည်။ ရှင်းမပြနိုင်တာတွေ၊ မယုံနိုင်စရာတွေ ဒုနှင့်ဒေး ရှိနိုင်ပါသည်။ နိစ္စရူဝတာဝန်ကို ထမ်းဆောင်ဖို့ စာအုပ်ကို အသံထွက်၍ သူ ကြားလောက်အောင် ကျွန်တော် စဖတ်သည်။ ဘုရားသိကြားမလို့ ကံကောင်းခြင်းတွေ ကျွန်တော့်ဆီ တစ်ကျော့ ပြန်ရောက်လာပါစေ။

ပြန်ရောက် မလာဘူးလို့ ဘယ်သူ ပြောမလဲ။

▣

# အခန်း ( ၂ )

## တစ္ဆေနှစ်ကောင်

၁၉၄၆ ခုနှစ်၊ အောက်တိုဘာ လဆန်းပိုင်း။

နီဝါကော်လ်ဟွန်းသည် သူတို့၏ ယာတောအိမ်ပုံစံမျိုး ဆောက်ထားသည့် အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ထိုင်ပြီး နေဝင်ချိန်ကို ငေးကြည့်နေသည်။ ညနေဆည်းဆာချိန်များတွင် နေဝန်းနီနီကြီးကို သည်အတိုင်း သူထိုင်ပြီး ငေးတတ်သည်။ အထူးသဖြင့် အလုပ်ပင်ပန်းသည့်နေ့များတွင် ကြာကြာ ထိုင်ကြည့်ဖြစ်သည်။ နေဝင်ရီတရောအလှကို ငေးရင်း အတွေးနယ်ချဲ့နေတတ်သည်။ သည်နည်းဖြင့် သူ အပန်းဖြေသည်။ သည်အကျင့်ကို သူ့အဖေဆီမှ နီဝါ ရခြင်း ဖြစ်သည်။ မြစ်ရေပြင်တွင် အရိပ်ထင်နေသည့် သစ်ပင်တွေကိုကြည့်ရတာ ကြည်နူးစရာကောင်းလှသည်။ အပန်းပြေသည်။ ကာရိုလိုင်းနားမြောက်ပိုင်း သစ်ပင်တွေက သိပ်လှတာ။ ဆောင်းတွင်းမှာ ပိုလှသည်။ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်နှင့် လိမ္မော်ရောင်တွေက တောလုံးလင်းဖြာနေသည်။ သူတို့၏ မူလအရောင်တွေ ပိုတောက်နေသည်။

သည်အိမ်ကြီးမှာ ၁၇၇၂ ခုနှစ်က ဆောက်ခဲ့သည့် ရှေးဟောင်း ဗိသုကာလက်ရာ အိမ်ကြီး ဖြစ်သည်။ နယူးဘန်းမြို့ကလေးတွင် သမနိ

အရှည်ကြာဆုံး အဆောက်အအုံ ဖြစ်သည်။ ဟိုးရှေးရှေးတုန်းက တကယ့် စိုက်ပျိုး မွေးမြူရေးခြံကြီး။ စစ်ပြီးပြီးချင်း သည်အိမ်ကြီးကို သူဝယ်ယူလိုက်ခြင်းဖြစ်သည်။ ဆယ့်တစ်လလုံးလုံး အိမ်ကြီးကို သူပြင်နေသည်။ ရှိစုမဲ့စု ပိုက်ဆံကလေးကို ပုံအောပြီး အိမ်အိုကြီးကို အသစ်တစ်ဖန် ပြန်လည်ဆန်းသစ်နေခြင်းဖြစ်သည်။ 'ရာလေး' သတင်းစာမှ သတင်းထောက်တွေ သတင်းလာယူကြသည်။ သတင်း ရေးကြသည်။ ပြန်လည် မွမ်းမံတည်ဆောက်ရာတွင် နမူနာယူလောက်အောင် ကောင်းသည့် အဆောက်အအုံ ဖြစ်ကြောင်း ချီးပကြသည်။ သူတို့ရေးသည်မှာ ဤမျှသာ။ နိဝါ တစ်ယောက် နေ့မအား၊ ညမအား အလုပ်လုပ်ခဲ့ရသည်များကို ဘယ်သူမျှ မသိ။

အိမ်ဝင်းကြီးက ဆယ့်နှစ်ဧက ကျယ်သည်။ အိမ်ကြီးက မြစ်ကမ်းနဖူး တွင် မားမားကြီး ရပ်နေသည်။ သစ်သားခြံစည်းရိုး ခတ်သည်။ ခြံသတ်ဆေး သုတ်သည်။ ဆွေးနေသည့် ခြံတိုင်တွေ လဲသည်။ သုံးဖက်သာ ပြီးသေးပြီး အနောက်ဘက်ခြမ်း လုပ်ဖို့ ကျန်နေသေးသည်။ လက်သမားပစ္စည်းတွေ သိမ်းထားပြီး သစ်တွေထပ်မှာဖို့ စိတ်တွက် တွက်ထားသည်။ အိမ်ထဲဝင်လာပြီး လက်ဖက်ရည်ချိုချိုတစ်ခွက် ဖျော်သောက်လိုက်သည်။ ပြီးမှ ပေရေနေသည့် ခန္ဓာကိုယ်ကို သန့်ရှင်းရေးလုပ်သည်။ ရေချိုးသည်။ သည်တော့မှ အပန်းပြေကာ အနားရတော့သည်။

ပြီးတော့မှ ခေါင်းဖြီးသည်။ အရောင်လွင့်ပြယ်နေပြီဖြစ်သည့် ဂျင်းဘောင်းဘီနှင့် အပြာရောင် အင်္ကျီလက်ရှည်ကို ဝတ်သည်။ လက်ဖက်ရည် နောက်တစ်ခွက် ထပ်သောက်သည်။ ပြီးမှ ဆင်ဝင်အောက်တွင် သွားထိုင်သည်။ နေ့တိုင်း သည်အချိန်တွင် သူ ထိုင်နေကျ ဖြစ်သည်။

အဖေ့ကို သတိရနေသည်။ အဖေလုပ်နေကျအတိုင်း ဂီတာကို လှမ်းယူ လိုက်သည်။ အဖေ့အကြောင်းတွေးရင်း အဖေ့ကို လွမ်းလာသည်။ ဂီတာကြိုး တွေကို အသံစမ်းလိုက်ပြီး နှစ်ချောင်းကို အသံညှိသည်။ ပြီးမှ တိုးတိုးလေး စတီးသည်။ သီချင်း လိုက်ညည်းသည်။ ညမှောင်လာမှ အသံထွက်ဆိုသည်။

ည ခုနစ်နာရီကျော်မှ ရပ်ပြီး လှုပ်ကုလားထိုင်ပေါ်တွင် သွားထိုင်သည်။ ထုံးစံအတိုင်း ကောင်းကင်ကို မော့ကြည့်ပြီး ကြယ်နှစ်လုံး ပါဝင်၍ ဆင်မ၏ နောက်ခြေသဏ္ဌာန်ရှိသော ဥတ္တရာသာဠ် နက္ခတ်ကို ကြယ်တာရာတွေကြားတွင် ရှာကြည့်နေသည်။ ပြီးတော့ ခုနစ်စဉ် ကြယ်တန်းမှ ကြယ်မိကျောင်းကို ရှာသည်။

ပြီးမှ ကိန်းဂဏန်းတွေ ခေါင်းထဲတွင် ပေါ်လာပြီး စိတ်တွက် တွက်နေသည်။ စုထားသမျှငွေတွေ အိမ်ထဲဝင်သွားပြီ။ မကြာခင် အလုပ်တစ်ခု ထွက်ရှာရတော့မည်။ အိုး ... ဖြည်းဖြည်းပေါ့။ အလုပ်ရှာဖို့အတွေးကို ရပ်ပြီး အိမ်ကြီးအပြီးသတ်ပြင်ဆင်မှုကို အာရုံပြုလိုက်သည်။ အားလုံး အဆင်ပြေသွားမှာပါ။ ပြီးခဲ့သမျှ ချောချောမောမော မဟုတ်လား။

သူ့အချစ်တော် မိချော ရောက်လာသည်။ အနားတွင် ခွေမအိပ်ခင် သူ့လက်ကို ခေါင်းနှင့် လာပွတ်သည်။

''သမီး၊ နေကောင်းရဲ့လား''

သူက နူးညံ့လှသည့် ခွေးမကလေး၏ ဦးခေါင်းနှင့်လည်ပင်း အမွေးတွေကို သပ်ပြီး မေးလိုက်သည်။ မိချောက တဟင်းဟင်းနှင့် ကြည်နူးစွာ အသံပြုရင်း သူ့ကို ရွှန်းရွှန်းလဲ့လဲ့ မျက်လုံးအစုံဖြင့် မော်ကြည့်နေသည်။ ကားတိုက်ခံရသဖြင့် ခြေထောက်တစ်ဖက်ကျိုးသွားသည်။ သို့သော် သုံးချောင်းထောက် သွားပြီး သူ့ကို အဖော်လုပ်ရှာလေသည်။ သည်လိုညများတွင် မိချောသည် သူ့အတွက် အဖော်မွန်ပါ။

တစ်ကိုယ်တော် ဘဝပိုင်ရှင်ဖြစ်သော နီဝါသည် အရွယ်မငယ်တော့ပေ။ သုံးဆယ့်တစ်နှစ်ကြီးများတောင် ရှိခဲ့ပြီ။ သည်ကို ပြန်ရောက်ကတည်းက ဘယ်မိန်းကလေးနှင့်မျှ မတွဲတော့။ စိတ်ဝင်စားစရာလည်း တစ်ယောက်မျှ မတွေ့။ သည်အတွက် သူ့ကိုယ်သူသာ အပြစ်ဆိုလေ့ရှိသည်။ မိန်းမ မယူ၊ ဘယ်မိန်းမမျှ မယူဆိုပြီး သူတို့နှင့် ကင်းကင်းနေသည်။ ဝေးဝေးရှောင်သည်။ အိပ်၍မပျော်သော ညများတွင်တော့ ငါ တစ်သက်လုံး ဒီအတိုင်းနေသွားရမှာလားဟု မရေမရာဖြင့် သူ့ကိုယ်သူ ဇဝေဇဝါ ပြန်မေးတတ်သည်။

ညသည် နွေးထွေးစွာ ကုန်လွန်လျက်ရှိသည်။ အပေဟာသုခံ ချမ်းသာစွ။ ပုရစ်အော်သံနှင့် သစ်ရွက်လေတိုးသံသည် သူ့အတွက် နားဝင်ပီယံဖြစ်လှသည်။ သဘာဝ၏ တေးသံများသည် မော်တော်ကားသံ၊ လေယာဉ်ပျံသံတို့ထက် သာယာနာပျော်ဖွယ်ကောင်းသည်၊ စိတ်လှုပ်ရှားစရာကောင်းသည် မဟုတ်ပါလား။ ယင်းသဘာဝတေးသံများသည် သူ့ဘဝနှင့် ဟပ်မိနေသလို သူ့အဖော်မွန်များလည်း ဖြစ်လေသည်။

စစ်အတွင်းက တိုက်ပွဲကြီးများအတွင်း ပေါက်ကွဲသံတွေ ဆူညံနေသည့်ကြားထဲကပင် သည်လို သဘာဝတေးသံကလေးများကို သူသတိရနေတတ်သည်။

အဖေကလည်း ပြောဖူးသည်။ တပ်ထဲဝင်ပြီး ပြည်ပသို့ထွက်ဖို့ သူ သင်္ဘောပေါ်အတက်တွင် အဖေ မှာလိုက်ခြင်း ဖြစ်သည်။

'အဲဒီ အသံကလေးတွေဟာ ဘုရားသခင် ဖန်ဆင်းပေးတဲ့ ဂီတသံတွေပဲ သား။ လောကမှာ အဲဒီ တေးသံတွေ မရှိရင် လူတွေ ရူးကုန်မှာပေါ့။ အဲဒီ အသံတွေကို သား အမြဲနားထောင်၊ အိမ်ပြန်ရောက်လာမှာ သေချာတယ်' တဲ့။

နောက်ထပ် လက်ဖက်ရည်တစ်ခွက်ကုန်တော့ အိမ်ထဲ ပြန်ဝင်ခဲ့သည်။ စာအုပ်တစ်အုပ် ကောက်ကိုင်ပြီး ဆင်ဝင်ဘက် ပြန်ထွက်လာခဲ့သည်။ မီးဖွင့်လိုက်ပြီး ပြန်ထိုင်သည်။ စာအုပ်ကို ဖွင့်သည်။ စာအုပ်က ဟောင်းလှပြီ။ အဖုံးတွေ စုတ်နေပြီ။ အတွင်းစာမျက်နှာတွေကလည်း အစွန်းအထင်းတွေနှင့်။ နွံ့တွေ ပေနေသည့် စာမျက်နှာများလည်းပါသည်။ ဝေါလတာဂုစ်တ်တမင်၏ 'မြက်ပင်တို့၏ အရွက်များ' ကဗျာစာအုပ် ဖြစ်သည်။ စစ်သားဘဝတွင် ရောက်လေရာ ယူသွားခဲ့သည့် စာအုပ်။ ကြုံတိုင်း ဖွင့်ဖတ်မိသည့် စာအုပ်။

''သင်၏ ကိုယ်ပိုင်အချိန်တွင် သင့်ဝိညာဉ်သည်
အသံမဲ့ တိတ်တဆိတ် ပျံသွားလေပြီ။
ငါးမျှားချိတ်များမှ လွတ်ရာ၊ အနုပညာနှင့် ဝေးရာ
ထိုနေ့သည် ပျက်ပြယ်သွားလေပြီ။
သင်ခန်းစာတစ်ခု ပြီးဆုံးသွားလေပြီ။
သို့သော် သင် ရှေ့သို့ ဆက်ချီရမည်။ တိတ်ဆိတ်စွာ။
ရှေ့တည့်တည့်သို့ အာရုံပြုလျက်။
အဓိက ပန်းတိုင်ကို ရည်သန်လျက်။
သင်၏ အချစ်ဆုံး ရှိရာကိုလေ။
ညရောက်ပြီ။ အိပ်ရတော့မည်။
သည့်နောက်တော့ ကြယ်တာရာတွေ၊
ပြီးတော့ မရဏစခန်း''

ကဗျာဖတ်ပြီး တစ်ယောက်တည်း ပြုံးနေသည်။ ဂုစ်တ်တမင်၏ ကဗျာတွေဖတ်၍ နယူးဘန်းမြို့ကလေးကို သူ အမြဲ သတိရနေတတ်သည်။ ကိုယ့်မြို့ ကိုယ့်ရွာကို ပြန်လာဖြစ်သည့်အတွက်လည်း သူ ဝမ်းသာပါသည်။ နယူးဘန်းနှင့် ကွဲသွားသည်မှာ ဆယ့်လေးနှစ်ကြာသည်။ ဒီကလူတွေကို သူ

အားလုံးနီးပါး သိသည်။ ငယ်ငယ်လေးကတည်းက နေခဲ့သည့်မြို့ မဟုတ်လား။ အခြား အခြားသော တောင်ပိုင်းမြို့ငယ်ကလေးများလိုပင် နယူးဘန်းသည် အပြောင်းအလဲ မရှိ။ ပကတိအတိုင်း တည်နေသည်။ မြို့သူ မြို့သားများ သည်လည်း မဆိုစလောက် အိုလာတာကလွဲပြီး ဘာမျှ မပြောင်းလဲကြ။

သူပြန်ရောက်မှ တရင်းတနှီး ပေါင်းသင်းဖြစ်သူက လမ်းထိပ်တွင် နေသည့် ဂတ်စ် ဖြစ်သည်။ ဂတ်စ်သည် လူမည်းတစ်ယောက်ဖြစ်ပြီး အသက် ခုနစ်ဆယ်ရှိပြီ။ သည်အိမ်ကြီးကိုဝယ်ပြီး နှစ်ပတ်အကြာတွင် သူတို့နှစ်ယောက် တွေ့ကြခြင်း ဖြစ်သည်။ စတွေ့သည့်နေ့တွင် ဂတ်စ်က ကိုယ်တိုင်ချက်သည့် အရက်ပုလင်းနှင့် ဟင်းပေါင်း ယူလာသည်။ ဟင်းပေါင်း ဆိုသည်မှာ ရှဉ့်နှင့် ကြက်သား ရောပြီး ဟင်းရွက်နှင့် ပေါင်းသည့်ဟင်းမျိုး ဖြစ်သည်။ ထိုညက နှစ်ယောက်သား ခပ်ထွေထွေနှင့် ဇာတ်လမ်းတွေ ဖလှယ်ကြသည်။

ခုတော့ ဂတ်စ်က တစ်ပတ်ကို နှစ်ရက် သူ့ဆီရောက်သည်။ ည ရှစ်နာရီလောက်တွင် ပုံမှန် ရောက်လာတတ်သည်။ သူ့အိမ်တွင် သားသမီး လေးယောက်၊ မြေးဆယ့်တစ်ယောက်နှင့်မို့ ခုလို အပြင်ထွက် အချိန်ဖြုန်းသည့် အတွက် နိုဝါ သူ့ကို အပြစ် မတင်ရက်ပေ။ ဂတ်စ် လာလျှင် ဘာဂျာ အမြဲ ပါလာတတ်သည်။ နည်းနည်းလေး အရှိန်ရလာလျှင် သူ့ ဘာဂျာသံနှင့် နိုဝါ့ သီချင်းသံ လျှံထွက်လာပြီ။

တဖြည်းဖြည်းနှင့် နိုဝါသည် ဂတ်စ်ကို ဆွေမျိုးရင်းချာလို ခင်လာသည်။ လွန်ခဲ့သည့်နှစ်က အဖေ ဆုံးသွားပြီး နောက်ပိုင်းတွင် နိုဝါ့ အနားတွင် ဆွေမျိုးရင်းချာ မရှိပေ။ သူက တစ်ဦးတည်းသောသား။ အမေက သူ နှစ်နှစ်သားအရွယ်တွင် တုပ်ကွေးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

တစ်ကြိမ်တွင် လက်ထပ်ဖြစ်မည် ထင်ခဲ့သော်လည်း ချစ်ဦးသူနှင့် လွဲကာ ချစ်ကံမွဲခဲ့၍ လူပျိုကြီးဘဝဖြင့် အရိုးထုတ်တော့မည်ဟူ၍ စိတ်နှလုံး တုံးတုံးချထားလိုက်တော့သည်။

သည်ဇာတ်လမ်း ဖြစ်ခဲ့သည်မှာ ကြာပြီ။ သို့သော် သူချစ်ခဲ့သည့် အချစ်မျိုးမှာ တစ်သက်တွင် တစ်ခါသာ ပေါ်ဖူးသည့် အချစ်မျိုး ဖြစ်သည်။ သည်ကတည်းက သူ့ အသည်းလွှာတွင် အချစ်စို့၊ အချစ်ညှောက်ကလေးများ ပြန်ပေါက်မလာတော့ပေ။

မြစ်ပြင်ဆီတွင် မိုးသားတိမ်လိပ်တွေ ကောင်းကင်သို့ တရိပ်ရိပ်

ပြေးနေသည်။ လထွက်လာပြီး တိမ်တွေ ငွေရောင်သို့ ပြောင်းသွားလေသည်။ တိမ်ခိုးတွေ ကောင်းကင်တွင် သိပ်သည်းထူထပ်လာသည်။ သူက လှုပ်ကုလား ထိုင်နောက်မှီပေါ် လှန်ချလိုက်သည်။ ခြေထောက်နှစ်ဖက်သည် အလိုအလျောက် စည်းချက်ညီညီ လှုပ်နေကြသည်။ သည်လို ညနေခင်းမှာပဲပေါ့။ သူ့ စိတ်အစဉ် သည် မိုးတိမ်တောင်များနှင့်အတူ ဟိုး… ဆယ့်လေးနှစ်ဆီသို့ စီးမျော လွင့်ပါသွားလေပြီ။

နိုဝါ ဘွဲ့ရသည့် ၁၉၃၂ ခု နှစ်ဆန်းတွင် နယူးဘန်းမြို့ကို ရစ်ခွေ စီးဆင်းနေသည့် နော်စီမြစ်ပွဲတော် စတင်ကျင်းပခဲ့သည်။ တစ်မြို့လုံး ကြက်ပျံ မကျ စည်ကားသည့်နေ့။ ကောင်လုံးကင်ပွဲတွေ၊ လောင်းကစားဝိုင်းတွေနှင့် အုန်းအုန်းကျွက်ကျွက် စည်ကားချင်တိုင်း စည်ကားလျက် ရှိနေတော့သည်။

ထိုညက ရာသီဥတုမှာ စိုစွတ်ထိုင်းမှိုင်းလျက်ရှိသည်။ ဘာကြောင့် သည်ညကို သူ မှတ်မိနေမှန်း သူကိုယ်တိုင် မသိ။ လူအုပ်ကြီးထဲသို့ သူ တစ်ယောက်တည်း ဝင်သွားသည်။ လမ်းသလားရင်း အသိအကျွမ်း တစ်ယောက် တလေ တွေ့လေမည်လားဟု လျှောက်ကြည့်သည်။ သူငယ်ချင်းနှစ်ယောက် ကို လှမ်းမြင်သည်။ ဖင်းလေးနှင့် ဆာရာ။ ငယ်ငယ်ကတည်းက ကစားဖက် တွေ။ သူတို့နှင့် မျက်နှာစိမ်း မိန်းကလေးတစ်ယောက် စကားတွေပြောနေသည်။ တော်တော်လှသည့် မိန်းကလေး။ ရီဝေဝေ မျက်လုံးအစုံနှင့်။ သူတို့အနား ရောက်သွားတော့ မိန်းကလေးက စနှုတ်ဆက်သည်။

"ဟိုင်း"

နှုတ်ဆက်ပြီး သူ့ဆီ လက်ကမ်းပေးသည်။

"ဖင်းလေးက ရှင့်အကြောင်းတွေ ကျွန်မကို အများကြီး ပြောပြ ထားတယ်"

သည်လို ရိုးရိုးလေး စခဲ့ကြခြင်း ဖြစ်ပါသည်။ မကြာခင် မေ့မေ့လျော့ လျော့ ဖြစ်သွားမည့် အစပျိုးခြင်းမျိုး။ သို့သော် သည်လိုမဟုတ်ပါချေ။ လက်ဆွဲ နှုတ်ဆက်ရင်း သူ့မျက်လုံးတွေကို အနီးကပ် မြင်ရသည်။ မျက်လုံးစိမ်းနဲ့ မိန်းကလေးပါလား။ မျက်လုံးချင်းဆုံမိသည်နှင့် ချက်ချင်း သူ သိလိုက်ပြီ။ ဘယ်မှာမှ မတွေ့နိုင်သည့် မိန်းကလေးမျိုး။ တစ်သက်လုံး ပေါင်းသင်းသွားနိုင် မည့် ပုံစံမျိုး၊ ပြစ်မျိုးမှဲ့မထင် မျက်နှာကလေးနှင့် ကိုယ်နေဟန်က မိန်းမ ကျက်သရေ အပြည့်။

သူ့ရင်ထဲတွင် လေမုန်တိုင်းတိုက်သလို ပြောင်းဆန်သွားသည်။ သည် တစ်နေ့လုံး နယူးဘန်းတွင် သူ နေမည့်အကြောင်း ဖင်းက ပြောပြသည်။ သူ့ အဖေက ဆေးရွက်ကြီးလုပ်ငန်း လုပ်သည့် ကုန်သည်ကြီးတဲ့။ သူက ခေါင်းညိတ်ပြီး နားထောင်နေသည်။ မိန်းကလေးက သူ့ကို စိုက်ကြည့်နေသည်။ သူ ငြိမ်နေလိုက်၏။ ဖင်းက ရယ်နေသည်။ သူတို့နှစ်ယောက် ပတ်သက်တော့ မည်ကို ကြိုသိနေသည့်အလား။ ဆာရာက အအေးသောက်ဖို့ အကြံပြုသည်။ လေးယောက်သား ချယ်ရီကုတ် သောက်ကြသည်။ ပွဲခင်းထဲ လျှောက်လည်ကြ သည်။ လူတွေကျဲသွားမှ သူတို့ လူစုခွဲလိုက်ကြသည်။

နောက်နေ့တွင် သူတို့နှစ်ယောက် တွေ့ကြသည်။ နောက်နေ့ နောက်နေ့ များတွင်လည်း တွေ့ကြသည်။ တတွဲတွဲ ဖြစ်နေပြီ။ တနင်္ဂနွေနေ့တွင် သူက ဘုရားကျောင်းတက်သူမို့ နံနက်ပိုင်း မဆုံနိုင်ကြ။ သို့သော် ဘုရားရှိခိုးပြီးသည် နှင့် ပန်းခြံသို့ သူ တန်းပြေးသည်။ မိန်းကလေးက ရောက်နှင့်ပြီး သူ့ကို စောင့်နေရမြဲ။

မြို့ကြီးသူကလေးက နယ်ကို ခုမှ ရောက်ဖူးခြင်းဖြစ်၍ အားလုံး သူ့အတွက် အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ ထို့ကြောင့် နိုဝါနှင့် သွားလာ လည်ပတ်သည့် နေရာတိုင်း သူ့အတွက် ရင်ခုန်ချင်စရာတွေချည်း ဖြစ်နေတော့ သည်။ ရေတိမ်တွင် ဆယ်လ်မွန်ငါးမျှားနည်းကို နိုဝါက သင်ပေးသည်။ သစ်တောထဲသို့ လျှောက်သွားကြသည်။ လက်လျော့လျော့တစ်စင်းဖြင့် မြစ်ချောင်း အင်းအိုင်တွေထဲတွင် နေပူပူ၊ မိုးရွာရွာ လျှောက်လျော့ကြသည်။ နှစ်ယောက် ခုမှ တွေ့ကြပေမယ့် ငယ်သူငယ်ချင်းများပမာ နှစ်ကိုယ့်တစ်စိတ် ဖြစ်သွား လေတော့သည်။

မိန်းကလေးက သူ့ကို အက ပြန်သင်ပေးသည်။ သူ့ခြေလှမ်းတွေ တော်တော်နှင့် မမှန်။ မိန်းကလေးက စိတ်ရှည်လက်ရှည် သင်ပေးသည်။ တတ်သွားတော့ တီးလုံးဖွင့်ပြီး တစ်ပုဒ်ပြီး တစ်ပုဒ် ကကြသည်။ ပြီးလျှင် သူ့အိမ်ကို လမ်းလျှောက်ပြီး နိုဝါ လိုက်ပို့ရသည်။ တစ်ညတွင်တော့ သူတို့အိမ် ဆင်ဝင်အောက်တွင် ရပ်ပြီး နှုတ်ဆက်ရင်း သူကလေးကို နိုဝါ နမ်းလိုက်မိ သည်။ ပထမဦးဆုံး အနမ်း။ ပြီးမှ သတိရသည်။ စောစောရက်တွေတုန်းက ဘာလို့ မနမ်းမိပါလိမ့်။

နောက်ပိုင်း နွေရာသီတစ်ရက်တွင် သည်နေ့ သူနေနေသည့် အိမ်ကြီးသို့ သူ့ကို ခေါ်လာခဲ့သည်။ ထိုစဉ်က အိမ်အိုကြီး ဖြစ်၏။ သည်ကတည်းက သည်အိမ်ကြီးကို တစ်နေ့တွင် သူ ဝယ်နိုင်ရမည်၊ ဝယ်ပြီး ပြုပြင်မည်ဟု ကြွေးကြော်ခဲ့သည်။ အိမ်ထဲတွင် တစ်နေကုန်နေပြီး ဖြစ်ချင်သည့် အိပ်မက်တွေကို ကိုယ်စီ ထုတ်ပြောကြသည်။ သူက ကမ္ဘာကြီးကို ပတ်ကြည့်ချင်သည်။ မိန်းကလေးက ပန်းချီဆွဲချင်သည်။ ဩဂုတ်လဖြစ်၍ ထိုညက နှင်းမှုန်တွေ တဖွဲဖွဲကျနေသည်။ မမျှော်လင့်ဘဲ ပေါက်ကွဲကြသည်။ သစ္စာနံ့ဖြစ်ကြသည်။ နှစ်ယောက်စလုံး အတူတူ ပန်းဦးကြွေသည့်ည။

နောက်သုံးပတ်အကြာတွင် မိန်းကလေး ပြန်သွားသည်။ ရင်ထဲတွင် ဘာမှ မကျန်တော့အောင် ဟာကျန်ရစ်သည်။ သည်နွေလောက် အထီးကျန်သည့် နွေမျိုးနှင့် မဆုံဖူး၊ မကြုံဖူးခဲ့။ ချစ်သူပြန်သွားသောနေ့သည် မမေ့တဲ့နိုင် နေ့တစ်နေ့ ဖြစ်သည်။ ညက အိပ်မရသဖြင့် ရီဝေပြာပြာလွမ်းဖွယ်စေ မျက်လုံးများဖြင့် သူ့ကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ဘယ်လိုမှ နေမရတော့။ မနေတတ်တော့။ အထုပ်အပိုးပြင်ပြီး ဟာဘားကျွန်းသို့ တစ်ကိုယ်တော် ခရီးထွက်လာခဲ့သည်။

▣

လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ ရှစ်နာရီ ဆယ့်နှစ်မိနစ် ရှိနေပြီ။ အိမ်ရှေ့ထွက်ပြီး လမ်းထိပ်ဘက်ကို မျှော်ကြည့်လိုက်သည်။ ဂတ်စ်၏ အရိပ်အယောင်ကို မတွေ့ရ။ အင်း… သူ ဒီနေ့ မလာဖြစ်ဘူးထင်ပါရဲ့။ လှုပ်ကုလားထိုင်ဆီ ပြန်လျှောက်လာပြီး ထိုင်သည်။

ဂတ်စ်ကို ထိုမိန်းကလေးအကြောင်း ပြောပြဖြစ်သည်ကို အမှတ်ရနေသည်။ ပထမဦးဆုံး စပြောသည့်နေ့က သူ ခေါင်းယမ်းပြီး ရယ်နေသည်။ ပြီးတော့ မှတ်ချက်ချသည်။

'ကိုရင် တစ္ဆေအခြောက်ခံနေရတာပဲ'

ဘာအဓိပ္ပာယ်လဲ ပြန်မေးတော့ သူ ရှင်းပြသည်။

'အတိတ်တစ္ဆေလေ၊ ကိုရင့်ကို ကျုပ် စောင့်ကြည့်နေတယ်။ တစ်နေကုန်တစ်နေခန်း အလုပ်ကြမ်းလုပ်နေတာချည်းပဲ။ တစ်ခါမှ နားတာမတွေ့ရဘူး။ ကိုရင် အဲဒီလို ဖြစ်သွားတာ အကြောင်းသုံးခု ရှိတယ်။ ကိုရင့်

လိုလူတွေ ကျုပ် တွေ့ဖူးတယ်။ သူတို့ဟာ ရူးနေတာ ဖြစ်ချင် ဖြစ်မယ်။ မဟုတ်ရင် အသိဉာဏ် ထုံထိုင်းနေတာ ဖြစ်မယ်။ အဲဒီနှစ်ခု မဟုတ်ရင်တော့ တစ်ခုခုကို မေ့ပစ်ဖို့ ကြိုးစားနေတာပဲ ဖြစ်ရမယ်။ ကိုရင်ကတော့ တစ်ခုခုကို မေ့ဖို့ ကြိုးစားနေတာပါ။ ဘာရယ်လို့တော့ ကျုပ် အတိအကျ မသိဘူးပေါ့လေ'

သူ တွေးသည့်အတိုင်းပါပဲ။ နယူးဘန်းမြို့ကလေးရဲ့ နေရာတိုင်းမှာ သူ ရောက်နေသည်။ သူ့အရိပ်ထိုးနေသည်။ အတိတ်တစ္ဆေတဲ့လား။ ဟုတ်လောက်သည်။ ပန်းခြံကို ဖြတ်လျှောက်တိုင်း ထိုင်နေကျနေရာတွင် သူ့ကို တွေ့ရသည်။ ဆင်ဝင်အောက်တွင် ဂီတာထိုင်တီးနေလျှင် သူ အနားရောက်လာတတ်သည်။ ဘယ်ကို ကြည့်လိုက် ကြည့်လိုက် နေရာတိုင်းမှာ သူ့မျက်နှာ။

နိုဝါ ခေါင်းယမ်းလိုက်သည်။ တဖြည်းဖြည်းနှင့် သူ့ပုံရိပ် ဝေဝါးသွားမှ ဗုစ်တိတမင်၏စာအုပ်ကို တစ်နာရီလောက် ဆက်ဖတ်သည်။ မကြာခဏ ခေါင်းထောင်ကြည့်သည်။ မြစ်ကမ်းဆီသို့ အပြေးအလွှား ရေသောက်ဆင်းတတ်သည့် သားပိုက်ကောင်များနှင့် ဝက်ဝံကလေးများကို တွေ့လေမည်လား ဟူသည့်အတွေးဖြင့်။ ကိုးနာရီခွဲသည်နှင့် စာအုပ်ကို ပိတ်လိုက်သည်။ အပေါ်ထပ်တက်ပြီး နေ့စဉ်မှတ်တမ်းစာအုပ်ကို ဝတ်မပျက် ရေးသည်။ မိနစ်လေးဆယ်ကြာတော့ အိပ်ပျော်သွားသည်။ မိချောက အပေါ်တက်လိုက်လာပြီး အိပ်ပျော်နေသည့် သူ့သခင်ကို နမ်းသည်။ ခုတင်ခြေရင်းတွင် နှစ်ပတ်၊ သုံးပတ် ပတ်ပြီး သူပါ အိပ်ချလိုက်တော့သည်။

▣

ထိုနေ့ညနေခင်းတွင် မိုင်တစ်ရာကျော်ဝေးသည့် မိဘများ၏နေအိမ် ဥပစာတွင် မိန်းကလေး ဒန်းစီးနေသည်။ ခြေတစ်ဖက်ကို ဖင်ခုထိုင်ပြီး တစ်ဖက်က မြေကြီးကိုထောက်ကာ လွှဲနေခြင်း ဖြစ်သည်။

ငါ့ဆုံးဖြတ်ချက် မှားများသွားလေပြီလား။

သည်လို သံသယ သံသရာတွင် ချာချာလည်နေသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။ သည်ညနေတွင်တော့ အပြင်းအထန် စဉ်းစားရလေပြီ။ သို့သော် အဖြေကတော့ 'ဒီအခွင့်အရေးကို အရမယူလိုက်ရင် မယူလိုက်က မိုက်လို့ထင်' ကြမည်မှာ မုချဟုသာ ထွက်နေသည်။

နောက်နေ့တွင် သူ ဘာကြောင့် ထွက်သွားမှန်းလည်း လင်းက နားမလည်။ လွန်ခဲ့သည့် အပတ်ကတော့ သူပြောသည်။ ရှေးဟောင်းပစ္စည်းတွေဝယ်ဖို့ ကမ်းခြေဘက်ကို ခရီးထွက်ဖို့ ရှိသတဲ့။

"တစ်ရက်၊ နှစ်ရက်ပဲ ကြာမှာပါ။ မင်္ဂလာဆောင်ကိစ္စ စီစဉ်ရတာ မောလှပြီ။ ခဏနားချင်တာလည်း ပါပါတယ်"

သည်လို လိမ်ပြောရခြင်းအတွက် စိတ်မကောင်း။ သို့သော် အမှန်အတိုင်း ပြောလို့လည်း မဖြစ်ပြန်။ သည်ခရီး ထွက်လာခဲ့မိခြင်းမှာ သူနှင့်မဆိုင်။ သူ့ကို နားလည်ဖို့ ဖွင့်တိုင်ပင်လျှင်လည်း အဆင်ပြေမည်မဟုတ်။ တရားမျှတရာ ရောက်မည် မဟုတ်။

'ရာလေး' မှ 'နယူးဘန်း' ကို ကားမောင်းရသည်မှာ သက်သောင့်သက်သာရှိလှသည်။ နှစ်နာရီသာသာ မောင်းရုံဖြင့် လိုရာခရီးရောက်ခဲ့သည်။ ဆယ့်တစ်နာရီ မထိုးခင် ရောက်သွားသည်။ မြို့ထဲမှ တည်းခိုခန်းသေးသေးလေး တစ်ခုတွင် ဝင်တည်းလိုက်သည်။ အခန်းထဲရောက်တော့ ခရီးဆောင်သေတ္တာကို ဖွင့်သည်။ အဝတ်တွေကို ဗီရိုထဲထည့်၊ ချိတ်၊ တိုလီမိုလီတွေကို အံဆွဲထဲထည့်ပြီးမှ နေ့လယ်စာကို ကသုတ်ကရက် စားလိုက်သည်။ ပြီးမှ စားပွဲထိုးကို အနီးဆုံး ရှေးဟောင်းပစ္စည်းအရောင်းဆိုင် ဘယ်နားမှာရှိလဲ မေးသည်။ ပြီးတော့ ဈေးဝယ်ခြင်းအလုပ်ကို အချိန်နည်းနည်းပေးပြီးလုပ်သည်။ ညနေ လေးနာရီခွဲတွင် အခန်းပြန်ရောက်သည်။

ခုတင်စွန်းတွင်ထိုင်ပြီး လင်းဆီ ဖုန်းဆက်သည်။ သူက အလုပ်ရှုပ်နေချိန်။ အေးအေးဆေးဆေး ပြောချိန်မရ။ သည်တော့ ပြန်ဆက်ဖို့ ဖုန်းနံပါတ်နဲ့ သူတည်းနေသည့် တည်းခိုခန်းအမည် ပေးလိုက်သည်။ မနက်ဖြန်ဆက်မည်ဟု လင်း ကတိပေးလိုက်သည်။ အင်း… ခုချိန်အထိ အားလုံးကွက်တိပဲ။ မဆိုးသေးဘူး။ သူ ဘာမှ သံသယမဝင်လောက်ပါဘူးနော်။

သူနှင့်တွေ့တာ လေးနှစ်ရှိပြီ။ ၁၉၄၂ ခုနှစ်တွင် တွေ့ကြခြင်း ဖြစ်သည်။ အမေရိကန်က ကမ္ဘာစစ်ထဲ ဝင်တိုက်သည်မှာ တစ်နှစ်ရှိခဲ့ပြီ။ ပြည်သူတွေ ကျရာတာဝန်ကို ဝင်ယူကြရသည်။ မိန်းကလေးက ဆေးရုံတစ်ရုံတွင် လုပ်အားပေးသူနာပြု ဝင်လုပ်သည်။ အကျိုးတွေ၊ အပြတ်တွေ ဆေးရုံသို့ လိမ့်ဝင်လာသည်။ သူတို့အားလုံး လူငယ်ကလေးတွေဖြစ်သည်။ သူတို့တွေကို မိန်းကလေး ပြုစုရသည်။ သူတို့နှင့် လက်ပွန်းတတီး နေရသည်။

သည်ကာလပိုင်းတွင် လင်းနှင့် ညှိခံပွဲတစ်ပွဲ၌ ဆုံစည်းခဲ့ခြင်း ဖြစ်သည်။ လင်းသည် လိုချင်သည့် အရည်အချင်းတွေ အပြည့်ရှိသူ ဖြစ်သည်။ အားကိုးအားထား ပြုလောက်သူ ဖြစ်သည်။ ဟာသရှိသည်။ မိန်းကလေး၏ စိုးရိမ်စိတ်များကို ပိန်းကြာဖက်တွင် ရေမတင်အောင် လုပ်ပေးနိုင်စွမ်းသူ ဖြစ်သည်။

ပြီးတော့ သူက ချောသည်၊ ခံ့သည်၊ ထက်သည်၊ အောင်မြင်နေသည့် ရှေ့နေတစ်ယောက် ဖြစ်သည်။ သူ့ထက် ရှစ်နှစ်ကြီးသည်။ အလုပ်ကြိုးစား သည်။ အလုပ်မှ အလုပ်ဟူသည့် လူစားမျိုး။ လိုက်သည့်အမှုတိုင်း အောင်မြင် သည်။ ထို့ကြောင့် သူ့နာမည် တရိပ်ရိပ်တက်လျက် ရှိသည်။ သူ့အဖေ အပါအဝင် အဖေ့အသိုက်အဝန်းတစ်ခုလုံး အလားတူ ထိတ်ထိတ်ကြဲများ ဖြစ်သည်။ တောင်ပိုင်းသားတို့၏ ထုံးစံအတိုင်း မျိုးဆက်သွေးကို ထိန်းကြသည်။ သို့သော် ခြွင်းချက်တော့ ရှိမြဲ ဖြစ်လေသည်။

မိန်းကလေးသည် ငယ်ငယ်ကတည်းက အစဉ်အလာကို တော်လှန် ချင်စိတ်၊ ပုန်ကန်ချင်စိတ် ရှိခဲ့သည်။ အရွယ်ရောက်လာတော့ အများနည်းတူ အတွဲတွေလည်း ရှိခဲ့သည်။ လင်း၏ အေးဆေးတည်ငြိမ်မှုကို သဘောကျပြီး သူ့အချစ်ကို လက်ခံခဲ့သည်။ သူ့အလုပ်မှလွဲပြီး အခြား ဘာမျှ စိတ်မဝင်စားသူ ဖြစ်သော်လည်း သူ့အပေါ်တော့ ကောင်းရှာသည်။ လင်းသည် တည်ငြိမ်သော၊ တာဝန်သိသော လူငယ်တစ်ယောက်ဖြစ်သည်။ စစ်ကာလအတွင်း အခြေအနေတွေ အဘက်ဘက်က ဆိုးဝါးနေချိန်တွင် အားကိုးအားထားပြုလောက်သည့် လူတစ်ယောက် ဖြစ်လာသည်။ မိန်းကလေးတို့ အားကိုးအားထားရှာနေချိန်တွင် လင်းသည် မှီခိုရာ၊ အားထားရာ ဖြစ်ခဲ့သည်။ သူနှင့်ဆိုလျှင် စိတ်ထဲတွင် လုံခြုံနေသည်။ ထို့ကြောင့် သူက ချစ်ရေးဆိုလာသောအခါ ခေါင်းညိတ်ခဲ့သည်။

သည်အကြောင်းတွေကို ပြန်တွေးမိတော့ ခုလို ထွက်လာခဲ့မိခြင်း အတွက် လိပ်ပြာမသန့် ဖြစ်နေပြန်သည်။

နယူးဘန်းကို ထွက်လာခဲ့တာ မှားလေပြီလား၊ စိတ်ထဲ မတင်မကျကြီး ဖြစ်လာသည်။ ပစ္စည်းတွေသိမ်းပြီး လှည့်ပြန်ရမှာလား။ ဘဝကို သည်အတိုင်း ဆက်သွားမလား။ လက်ဆွဲသေတ္တာကို ကောက်ကိုင်ပြီး အခန်းထဲမှ ထွက်ဖို့ ဟန်ပြင်လိုက်သည်။ ပြီးမှ သေတ္တာကို ပြန်ချသည်။ ဘဝကို

သည်အတိုင်း မျှောလိုက်သွားရမှာလား။ သည်အတိုင်း ဆက်သွားရင် ဘာတွေ ဖြစ်ကုန်မည်လဲ။

ရေချိုးခန်းထဲဝင်ပြီး ရေချိုးဖို့ ပြင်သည်။ ပြီးမှ ရေကို အပူ၊ အအေး သမခဲ့ပြီး အိပ်ခန်းထဲ ပြန်ဝင်သည်။ မှန်တင်ခုံဆီ လျှောက်သွားရင်း နားဆွဲကို ဖြုတ်သည်။ လက်ကိုင်အိတ်ထဲမှ မုတ်ဆိတ်ရိတ်ဓားနှင့် ဆပ်ပြာခဲထုတ်သည်။ ပြီးမှ မှန်ရှေ့တွင် အဝတ်တွေ ချွတ်ချလိုက်သည်။ မှန်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်သည်။ အချိုးအဆစ် ပြေပြေစိတင့်တယ်သော ခန္ဓာကိုယ်သည် လှချင်တိုင်းလှနေသည်။ ရင်သားအစုံက လုံးလုံးဝန်းဝန်း၊ တင်းတင်းရင်းရင်း၊ ပေါင်တံတွေက ပြည့်ပြည့်ဖြိုးဖြိုး။ သို့သော် သွယ်လျလျ မျက်နှာကျက အမေနှင့်တူသည်။ ရွှေရောင်ဆံပင်များပါပေါ့လေ။ 'မင်းမျက်လုံးတွေက စိမ်းမလိုလိုနဲ့ ပင်လယ်ပြာရောင်သန်းနေတယ်' ဟု လင်းက ပြောဖူးသည်။

မုတ်ဆိတ်ရိတ်ဓားနှင့် ဆပ်ပြာတုံးကိုင်ပြီး ရေချိုးခန်းထဲပြန်ဝင်သည်။ ရေဘုံဘိုင်ခေါင်းကို ပိတ်လိုက်သည်။ ပြီးမှ ရေချိုးကန်ထဲသို့ အသာဆင်းလိုက်သည်။

ရေချိုးရတာကို သူ သဘောကျသည်။ အညောင်းအညာပြေသည် ထင်သည်။ ကိုယ်ကို ဖြည်းဖြည်းချင်း ရေထဲ နှစ်လိုက်သည်။ တစ်နေကုန် ပင်ပန်းလာသဖြင့် တစ်ကိုယ်လုံး တောင့်တင်းနေတာတွေ လျော့ပြေသွားသည်။

အချိန်တိုအတွင်း ဈေးဝယ်သည့်ကိစ္စ ပြီးသွားသဖြင့် ကျေနပ်နေသည်။ အိမ်အပြန် မပါ မဖြစ်သည့် ရှေးဟောင်းပစ္စည်းကလေးတွေလေ။ အခြား ဝယ်ပြန်ချင်သည့် ဒေသထွက် ပစ္စည်းကလေးများ ရောင်းသော ဆိုင်နာမည်ကို ပြန်တွေးလိုက်သည်။ နောက်မှ သူ့ဘာသာသူ ပြောလိုက်သည်။ အို… မလိုပါ ဘူး။ လင်းက ဒါလောက် စပ်စုတတ်တဲ့ လူစားမျိုးမှ မဟုတ်တာ။

ဆပ်ပြာတိုက်ပြီး ခြေသလုံးမွေးရိတ်ရင်း မိဘတွေအကြောင်း စဉ်းစား လိုက်သည်။ မိမိလုပ်နေပုံကို အမေနဲ့အဖေ ဘယ်တော့မှ သဘောကျမည်မဟုတ်။ အထူးသဖြင့် အမေပေါ့။ ဟိုး… တစ်ရံရောအခါက ဖြစ်ခဲ့ဖူးသည့် နွေတစ်ည ဇာတ်လမ်းကို အမေ လုံးဝ လက်မခံ။ ဘယ်လို အကြောင်းပြပြ နားမဝင်။

ရေကို တဝကြီးစိမ်ပြီးမှ ကန်ထဲကထွက်လိုက်သည်။ မျက်နှာသုတ် ဆွဲပြီး ရေသုတ်သည်။ အဝတ်ဗီရိုဆီ လျှောက်သွားကာ ဘာဝတ်ရမလဲ စဉ်းစား သည်။ ပြီးမှ အဝါရောင်ဂါဝန်ကို ရွေးလိုက်သည်။ တောင်ပိုင်းသူများ၏ဖက်ရှင်။ ဂါဝန်ကြီးကို ခေါင်းကစွပ်ချလိုက်ပြီး မှန်ရှေ့တွင်သွားရပ်သည်။ ရှေ့တည့်တည့်

က ကြည့်ပြီး ဘယ်ညာလှည့်ကာ ဘေးတိုက်ကြည့်သည်။ ဂါဝန်က သူနှင့် ကွက်တိ။

သို့သော် စိတ်ပြောင်းသွားပြီး ပြန်ချွတ်သည်။ ပြန်ချွတ်ထားလိုက်ပြီး သိပ်ခေတ်မဆန်သော ရိုးရိုးဂါဝန်တစ်ထည် လဲဝတ်လိုက်သည်။ အပြာနုရောင် ဇာနားကွပ်။ ကိုယ်နေဟန်ကောက်ကြောင်း အထင်းသားပေါ်နေသည့် ဂါဝန်။ သွားမည့်နေရာနှင့် ပိုပြီး လိုက်ဖက်မည် ထင်သည်။

မိတ်ကပ်ပါးပါးလေး ခြယ်လိုက်သည်။ မျက်လုံးရောင်နှင့် လိုက်ဖက်အောင် မျက်ခွံအရိပ်ခြယ်သည်။ မသိမသာ စိမ်းလဲ့ပြာပြာကလေး။ ရေမွှေးကိုလည်း သင်းပျံ့ရုံကလေးဆွတ်သည်။ နားကွင်းသေးသေးကလေး ရွေးပြီးပန်သည်။ ခြေညှပ်ဖိနပ်ကို ပါးပါးလေး ရွေးစီးသည်။ ပြီးမှ ရွှေရောင်ဆံပင်တွေကို ဖြီးသည်။ ဆံညှပ်နှင့် ထိုးပြီးမှ မှန်ထဲ ပြန်ကြည့်သည်။ မဟုတ်သေးဘူး။ ကလက်တယ်။ ဆံညှပ်တွေ ပြန်ဖြုတ်ပြီး ဆံပင်တွေကို နောက်လှန်ချလိုက်သည်။ အိုကေ… ကျေနပ်သွားပြီ။

အားလုံးပြီးမှ နောက်ဆုတ်၍ မှန်ထဲမှ ရုပ်သွင်ကို တစ်ခါပြန်ကြည့်သည်။ ကျေနပ်သွားသည်။ အလွန်အကြူး အလှပြင်ထားခြင်းမျိုးမဟုတ်။ နဂိုနေ စိုပြည်နေသည့် အလှမျိုး။

အင်း … ဘယ်လိုတွေ ဖြစ်လာမလဲ မသိဘူးနော်။ ကြာတောင့်ကြာရှည် ရှိခဲ့ပြီဖြစ်သည့် နှစ်တွေ၊ လတွေက ရေတွက်လို့ မကုန်နိုင်အောင်ပါလား။ တံတားအောက်မှာ ရေတွေ အများကြီး စီးသွားပြီ။ ဘာတွေ ဖြစ်လာမည်ကို ဘယ်လိုမှ မှန်းလို့ မရ။ မတွေးဝံ့သည့် အဖြစ်မျိုးတွေနဲ့ ကြုံရမှဖြင့် …။

လက်ကို ငုံ့ကြည့်လိုက်သည်။ မသိမသာတုန်နေ၏။ တစ်ယောက်တည်း ရယ်လိုက်မိသည်။ အင်း… ဘယ်တုန်းကမှ ခုလောက် စိတ်မလှုပ်ရှားခဲ့ဖူးဘူးလေ။

လက်ကိုင်အိတ်နှင့် ကားသော့ကို ကောက်ယူသည်။ ပြီးမှ အခန်းသော့ လှမ်းဖြုတ်လိုက်သည်။ အခန်းသော့ကို လက်ဝါးထဲထည့်ပြီး စဉ်းစားနေပြန်သည်။

အိုး… ဒီလောက် အဝေးကြီး လာခဲ့ပြီးမှ ဘာလို့ တွေဝေနေရမှာလဲ။ ထွက်မည့်ဆဲဆဲတွင်မှ အိပ်ရာပေါ် ပြန်ထိုင်လိုက်သည်။ နာရီကြည့်လိုက်တော့ ဟင်…ခြောက်နာရီတောင် ထိုးတော့မယ်။ သွားတော့မှထင်တယ်။ မှောင်သွားလိမ့်မယ်။ ဒါပေမဲ့ … ခဏနေပါဦးလေ။

ပြီးတော့မှ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်သည်။

သေတော့မှာပဲ။ ဘာပြုလို့ ငါ ထွက်လာခဲ့မိပါလိမ့်။ ဘာလို့ ဒီနေရာကို ရောက်လာခဲ့တာလဲ။

လက်ကိုင်အိတ်ကို ဖွင့်လိုက်ပြီး သတင်းစာဖြတ်ပိုင်းလေးတစ်ခု ဆွဲထုတ်လိုက်သည်။ ပြီးတော့မှ တယုတယ ဖြန့်သည်။ ဖတ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"အင်း … ဒါကြောင့် ဒါကြောင့်"

▣

နီဝါက မနက်ငါးနာရီတွင် အိပ်ရာထသည်။ မနက်တိုင်း မြစ်နှင့် ဆက်နေသည့် ချောင်းလက်တက်ထဲတွင် လှေလှော်သည်။ ပြီးမှ အလုပ်အဝတ် အစား လဲကာ နံနက်စာစားသည်။ အများအားဖြင့် ကိုယ်တိုင်ဖုတ်သည့် ပေါင်မုန့်နှင့် ပန်းသီးနှစ်လုံး၊ ကော်ဖီနှစ်ခွက်။

ပြီးသည်နှင့် အိမ်အလုပ်တွေလုပ်သည်။ သည်နေ့တော့ ခြံစည်းရိုးခတ် မည်။ တိုင်တွေလဲသည်။ သည်နှစ်နွေက ပိုပူသည်။ အပူချိန် ရှစ်ဆယ် ဒီဂရီကျော်သည်။ နေ့လယ်စာ စားချိန်ရောက်တော့ သူဟိုက်နေပြီ။ နားတော့ မည်။

ချောင်းနံဘေးတွင်ပင် သူ နေ့လယ်စာစားသည်။ ရေလွှာသင်ဖြူးတွင် ငါးပျံကလေးတွေ မြူးတာ သူကြည့်ပြီး သဘောကျနေသည်။ လေထဲ ပျံတက် သွားပြီး ရေထဲသို့ ပြန်ဒိုက်ဗင်ထိုးဆင်းတာမြင်ရင် သူပျော်သည်။ သူတို့တွင် သည်ဇီဇစိတ် သည်အကျင့် ရခဲ့သည်မှာ နှစ်ပေါင်းအသင်္ချေ ရှိလောက်ပြီ။ ဘယ်တော့မှ ပြောင်းလဲတော့မည် မဟုတ်။

လူတွေမှာကော။ လူတွင်လည်း လူ့စရိုက် အသီးသီး ရှိကြလိမ့်မည် ထင်သည်။ အကျင့်စရိုက်ဟူသည် ပြောင်းလဲသည်မရှိ။ အခြေခံအားဖြင့်တော့ တစ်ယောက်နှင့်တစ်ယောက် တူညီကြသည်ဟု သူထင်သည်။ လူတွေကတော့ နယ်ကျူးချင်ကြသည်။ စိုးမိုးချင်ကြသည်။ ကမ္ဘာကြီးကို လွှမ်းမိုးချင်ကြ သည်။ စစ်ဖြစ်နေသည့် ဥရောပနှင့် ဂျပန်ကို ကြည့်လေ။

ညနေ သုံးနာရီကျော်ကျော်တွင် သူနားသည်။ လှေဆိပ်က တဲကလေးဆီ လျှောက်သွားသည်။ တဲထဲဝင်ပြီး ငါးမျှားတံ ယူသည်။ ပုရစ်အရှင်နှစ်ကောင် ဖမ်းပြီး ငါးမျှားချိတ်တွင် ချိတ်၍ ငါးထိုင်မျှားသည်။

ငါးမျှားရင်း ဘဝအကြောင်းတွေ လျှောက်တွေးတတ်သည်။ မှတ်မိသလောက် အမေဆုံးပြီးတော့ ဟိုအိမ်ပြောင်း၊ သည်အိမ်ရွှေ့နှင့် အိမ်ပေါင်းတစ်ဒါဇင်လောက်တွင် နေခဲ့ရသည်။ ကလေးအချင်းချင်း နောက်ပြောင်ကျီစယ်ခြင်း ခံရသည်။ ဝိုင်းပယ်ခြင်း ခံရသည်။ ဤသို့ဖြင့် စကားနည်းသည့် ကလေးတစ်ယောက် ဖြစ်လာခဲ့သည်။ ငါးနှစ်အရွယ်ရောက်သည့်အခါ လုံးဝ စကားမပြောတော့ပေ။ အအကလေး ဖြစ်သွားသည်။ ကျောင်းစတက်တော့ အတန်းပိုင်ဆရာက သူ့ကို ကျပ်မပြည့်သည့်ကလေးထင်ပြီး ကျောင်းမထားသင့်ကြောင်း ပြောသည်။

ဤတွင် အဖေလုပ်သူက ကလေးငယ်အား သူ အလုပ်လုပ်သည့် သစ်စက်ခေါ်သွားပြီး အလုပ်လုပ်ခိုင်းတော့သည်။ သစ်သားချောင်းတွေ စီဟယ်၊ ရွှေ့ဟယ်ပေါ့။ သည်အကြောင်းကို ‘သားအဖနှစ်ယောက် အတူတူနေရတော့ ပျော်တာပေါ့’ ဟု သူက ပေါ့ပေါ့ပါးပါး ပြန်ပြောပြတတ်သည်။

အဖေက သူ့ကို တောတိရစ္ဆာန်တွေအကြောင်းနှင့် ပုံပြင်တွေ၊ ဇာတ်လမ်းတွေ ပြောပြသည်။ ကာရိုလိုင်းနားမြောက်ပိုင်းက ရိုးရာဓလေ့များ ဖြစ်၏။ စနစ်တကျတော့ မဟုတ်။ သူနားလည်သလို လျှောက်ပြောခြင်းသာ ဖြစ်သည်။ လအနည်းငယ်ကြတော့ နိုဝါ စကားပြန်ပြောလာသည်။ ဖြောင့်ဖြောင့်တန်းတန်း ချောချောမွေ့မွေ့တော့ မဟုတ်။ အဖေက သူ့ကို စာဖတ်သင်ပေးသည်။ ကဗျာစာအုပ်တွေ ဖတ်ခိုင်းသည်။

‘အသံထွက်ဖတ်၊ အဲဒီလိုနဲ့ သားပြောချင်တာကို ပြောတတ်လာလိမ့်မယ်’’

အဖေပြောတာ မှန်ပါသည်။ နောက်တစ်လကြာတွင် နိုဝါတစ်ယောက် အဆွံ့အအကလေးဘဝမှ လွတ်မြောက်ခဲ့လေတော့သည်။ သို့သော် ကျောင်းပြန်မတက်ဘဲ အဖေနှင့်အတူ အလုပ်ခွင်မှာသာ ပျော်နေတော့သည်။ ညပိုင်းတွင်တော့ ဝှစ်တ်တမင်နှင့် တင်နီဆင်တို့၏ ကဗျာတွေ အသံထွက်ဖတ်သည်။ အဖေက နံဘေးမှ လှုပ်ကုလားထိုင်ကြီးပေါ်တွင်ထိုင်ပြီး နားထောင်သည်။ သည်အရွယ်ကတည်းက ကဗျာကို သူ စွဲလမ်းခဲ့ခြင်း ဖြစ်သည်။

တဖြည်းဖြည်း အရွယ်ကလေး ရလာတော့ ကျောင်းပြန်တက်သည်။ အားလပ်ရက်များနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် တစ်ယောက်တည်း ပျော်အောင် နေတတ်လာသည်။ ခရီအေတန် သစ်တောထဲကို လှေလှော်ပြီး အရောက်သွားသည်။ မိုင်နှစ်ဆယ်ဝေးသည့် ဘရီဆက်စ် မြစ်လက်တက်၏ အထက်အညာထိ ဆန်တက်သည်။ ပြီးတော့ တောလည်သည်။ သစ်တောထဲ လျှောက်သွားနေရလျှင် သူပျော်နေသည်။ တစ်ယောက်တည်း လေချွန်ချင်ချွန် နေသည်။ ဂီတာတီးသည့်အခါတီးသည်။ သူ့ပရိသတ်က ဖျံတွေ၊ သစ်တောက်ငှက် တွေနှင့် တင်ကျီးငှက်တွေ ဖြစ်သည်။ ကဗျာဆရာများက လူသူဝေးရာနေရာမှ တိတ်ဆိတ်ခြင်းနှင့် အထီးကျန်ဘဝကို နားလည်ကြသည်။ သည်လိုပတ်ဝန်းကျင် ကို ဝိညာဉ်၏ အာဟာရဟု သူတို့ သဘောထားကြသည်။

သူသည် အလွန်နူတ်နည်းသည့် လူငယ်တစ်ယောက် ဖြစ်လာသည်။ ငယ်ငယ်က သစ်သားချောင်းတွေ သယ်ခဲ့ပိုးခဲ့ရသဖြင့် အားကစားတွင် အမောလုံ သည်။ ပြေးခုန်ပစ်နှင့် ဘောလုံးတွင် ထိပ်တန်းရောက်လာသော်လည်း ကစားဖော် များနှင့် မရောဘဲ သီးခြားနေသည်။ မိန်းကလေး သူငယ်ချင်းဆို၍ မရှိ သလောက်ပင်။ ဤသို့ဖြင့် တစ်နှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် သူနှင့် ဆုံခဲ့ခြင်း ဖြစ်သည်။

သူ့နာမည် အယ်လီ။ ကျွန်တော့်ဘဝ ဧကရီ အယ်လီ။

ပွဲတော်ညက သူပြန်သွားတော့ သူ့အကြောင်း ဖင်းနှင့် ရယ်ရယ်မောမော ပြောဖြစ်သည်ကို နိုဝါ အမှတ်ရနေသည်။ ဖင်းက နိမိတ်ဖတ်သည်။ ကျွန်တော်နှင့် အယ်လီ သမီးရည်းစား ဖြစ်သွားကြလိမ့်မည်တဲ့။ ပြီးတော့ ဆူးပွမ်းသော ချစ်ခရီးလမ်း ဖြစ်လိမ့်မည်တဲ့။

ငါးတွတ်ပြီ။ ငါးမျှားကြိုး တင်းသွားသည်။ တော်တော်ကြီးသည့် ဆယ်လမွန်ငါး။ ငါးမျှားတံ ကိုင်ထားသည့်လက်က သိလိုက်သည်။ ဟိုက်··· လွတ်သွားပြီ။ ငါးမျှားကြိုး ပြန်ငြိမ်သွားပြီ။ ငါးမျှားချိတ်ကို မြှောက်ကြည့်တော့ အစာပါသွားပြီ။ ပုရစ် နောက်တစ်ကောင် ထပ်ချိတ်လိုက်ပြီး ဆက်မျှားသည်။

ဖင်း၏ ဟောကိန်း နှစ်ခုစလုံး မှန်နေသည်။ အယ်လီက အဖေနှင့် အမေကို အကြောင်းအမျိုးမျိုးပြပြီး သူနှင့် တွေ့ရအောင် ကြိုးစားသည်။ အဘိုးကြီး၊ အဘွားကြီးက သူ့ကို သဘောမကျ၍မဟုတ်။ လူကောင်းကလေး မှန်းသိသည်။ သို့သော် အဆင့်ချင်းမတူ။ သည်လို လူဆင်းရဲကလေးတစ်ယောက် နှင့် သမီးကို ဘယ်လိုမှ သဘောမတူနိုင်။

'သူတို့ဘာပြောပြော သူ့ကို အယ်လီ ချစ်တယ်။ တစ်သက်လုံးချစ်မယ်။ အတူတူနေဖို့ နည်းလမ်းရှာမယ်' ဟု သမီးလုပ်သူက မေတ္တာတရားနှင့် သစ္စာစကားဆိုသည်။ သို့သော် ထင်တာတွေ အကုန်လုံး လွဲခဲ့လေသည်။ စက်တင်ဘာလဆန်းတွင် ဆေးရှက်ကြီးရာသီကုန်တော့ သူတို့မိသားစု ဝင်စတန်သို့ ပြန်ကြရတော့မည်။

သူတို့ပြန်မည့် မနက်တွင် နိုဝါက အယ်လီ့ကို ပြောလိုက်သည်။

'နွေရာသီသာ ဆုံးသွားတာပါကွာ။ မောင်တို့ဇာတ်လမ်း မဆုံးနိုင်ပါဘူး'

ယုံယုံကြည်ကြည် ပြောလိုက်ခြင်းဖြစ်ပါ၏။ သို့သော် ဘာကြောင့်မှန်း မသိဘဲ သူတို့ဇာတ်လမ်း ဆုံးသွားလေသည်။ သူရေးသမျှစာတွေ အယ်လီ တစ်စောင်မျှ မပြန်။

သူ့ကို ခေါင်းထဲက ဖယ်ထုတ်ဖို့ သည်မြို့က ထွက်သွားရန်မှတစ်ပါး အခြား မရှိပြီ။ တစ်နိုင်ငံလုံး စီးပွားပျက်ကပ်ဘေးကြီးဆိုက်တော့ နယူးဘန်းမြို့ကလေးလည်း လှိုင်းပုတ်ခံရလေသည်။ ဘယ်လိုမှ ဆက်နေ၍ မရတော့။ ပထမ နောဖော့ကို ထွက်လာပြီး သင်္ဘောကျင်းတစ်ခုတွင် အလုပ်ဝင်လုပ်သည်။ ခြောက်လကြာတော့ လူလျှော့သည့်အထဲ ပါသွားသည်။ နယူးဂျာစီက သိပ်အထိမနာဟု ကြားရသဖြင့် အမေရိကန် အရှေ့မြောက်ပိုင်းသို့ ထွက်လာခဲ့သည်။

စွန့်ပစ်ပစ္စည်း အမှိုက်ပုံလုပ်ငန်းတွင် အလုပ်ရသည်။ အမှိုက်ပုံထဲမှ ပြန်သုံးနိုင်သည့် သံတိုမယ်နများကို ရွေးထုတ်ရသည့်အလုပ်။ ပိုင်ရှင်က ဂျူးလူမျိုး။ သူ့နာမည်က မောရစ်ဂိုးလ်မင်း။ သူက သံတိုသံစတွေကို ရနိုင်သမျှ ကောက်သင်းကောက်ပြီး စုနေသူ။ သူက လာဘ်မြင်သည်။ ဥရောပတွင် စစ်ရိပ်စစ်ငွေ့တွေ သန်းနေပြီ။ စစ်ဖြစ်လာလျှင် မလွဲမသွေ အမေရိကန်ပါရမည်။ ဒါတွေကို နိုဝါ မသိ။ အလုပ်ရသဖြင့် သူ ပျော်နေသည်။

အလုပ်ကို ကြိုးကြိုးစားစားလုပ်သည်။ မခိုမကတ်လုပ်သည်။ သည့်အတွက်ကြောင့် အလုပ်ချိန်တွင် အယ်လီကို မေ့ထားနိုင်သည်။ သည်ကိစ္စက သူ့အတွက် အရေးကြီးဆုံးလေ။ သူ့အဖေ အမြဲပြောသည့် စကားတစ်ခွန်းရှိသည်။ 'တစ်နေ့အတွက် ပေးထားတဲ့ လစာနဲ့ညီမျှတဲ့ လုပ်အားကို အပြည့်ပေးရမယ်။ မဟုတ်ရင် ခိုးတာနဲ့ အတူတူပဲ' တဲ့။ သူက သည်အတိုင်း အလုပ်လုပ်တော့ ပိုင်ရှင်က သဘောကျသည်။

'မင်း သိပ်တော်တယ် နီဝါ။ မင်း ဂျူးလူမျိုးဖြစ်ရင် သိပ်ကောင်းမှာပဲ။ မင်း အဘက်ဘက်က နိပ်ပါတယ်' ဟု ဂိုးလ်မင်းက ဆိုသည်။ သူက ဘယ်သူ့ကိုမှ ချီးမွမ်းဖူးသူ မဟုတ်။

ညပိုင်းတွင်တော့ အယ်လ်ိအကြောင်း မတွေးဘဲ မနေနိုင်။ တစ်လ တစ်ကြိမ် စာမှန်မှန်ရေးသည်။ တစ်ခါမျှ ပြန်စာမရပါ။ နောက်ဆုံးတွင် လက်လျှော့လိုက်ပြီး စာတစ်စောင် ရေးလိုက်သည်။ ထိုနွေတစ်ညကိုပဲ တသနေပါတော့မည်။ ရင်မှာ သိုဝှက်ထားတော့မည် ဟူ၍။

သည်လို နှုတ်ဆက်ခွဲခွာခဲ့သော်လည်း အယ်လီက သူ့ရင်ထဲမှ ထွက်ခွာမသွားခဲ့ပါ။ နောက်ဆုံးစာရေးပြီး သုံးနှစ်အကြာတွင် ဝင်စတန်ကို ထွက်လာပြီး ချစ်သူပျောက်ရှာသည်။ လိပ်စာအတိုင်း သူတို့အိမ်ကိုသွားတော့ ပြောင်းသွားပြီတဲ့။ အယ်လ်ိအဖေရုံးကို ဖုန်းဆက်ကြည့်တော့ ဖုန်းကိုင်သည့် မိန်းကလေးက လူသစ်ဖြစ်ပုံရသည်။ သည်နာမည် မကြားဖူးဘူးတဲ့။ သို့သော် ဗိုင်တွဲတွေ လှန်လှောရှာဖွေနေသံနှင့်အတူ အကြောင်းပြန်သည်။ အလုပ်ထွက်သွားပါပြီတဲ့။ ပြောင်းရွှေ့လိပ်စာ မပေးခဲ့ပါတဲ့။ ဤတွင် ပထမဆုံးနှင့် နောက်ဆုံး ချစ်သူပျောက်ရှာပုံတော်ခရီး နိဂုံးတံသွားလေတော့သည်။

ဂိုးလ်မင်းကုမ္ပဏီတွင် နောက်ရှစ်နှစ်လုံးလုံး သူ ဆက်လုပ်သည်။ ကုမ္ပဏီ တဖြည်းဖြည်း ကြီးပွားလာသည်။ သူလည်း ရာထူးအဆင့်ဆင့် တက်လာသည်။ ၁၉၄၀ ပြည့်နှစ်ရောက်တော့ နီဝါတစ်ယောက် လုပ်ငန်း တစ်ခုလုံးကို ခါးစောင်းတင်နိုင်လောက်အောင် ကျွမ်းကျင်နေပြီ။ စီမံခန့်ခွဲရေးဌာန ဝန်ထမ်းသုံးဆယ်ဖြင့် ကုမ္ပဏီအလုပ်တွေကို ခေါင်းခံပြီး လုပ်နေပြီ။ အရှေ့ကမ်းခြေ သံထည်လုပ်ငန်းတွင် သူတို့ ကုမ္ပဏီသည် အကြီးကျယ်ဆုံး လုပ်ငန်းကြီး ဖြစ်လာသည်။ သည်ကာလပိုင်းတွင် မိန်းကလေးတချို့နှင့် ခရီးသွားဟန်လွှဲ တွဲဖြစ်သည်။ သို့သော် တဒင်္ဂပဟာန် အချစ်ခံခြင်းမျိုး။ စားပွဲထိုးမကလေး တစ်ယောက်နှင့်တော့ ကြာကြာလေး တွဲဖြစ်လိုက်သည်။ မျက်လုံးပြာများနှင့် အနက်ရောင်ဆံပင်များပိုင်ရှင်။ သည်တစ်ယောက်နှင့်တော့ နှစ်နှစ်ကြီးများတောင် တွဲဖြစ်လိုက်သည်။ သို့သော် အယ်လ်ို နေရာတွင်တော့ အစားထိုးလို့ မရ။ အမျိုးသမီးက သူ့ထက် နှစ်နှစ်ကြီးသည်။ သူ့ကို အချစ် နည်းဗျူဟာတွေ ကကြီးရေ က မှ စသင်ပေးသည်။ မိန်းကလေးတစ်ယောက်ကို နမ်းနည်း၊ ယုယနည်း၊ တီးတိုးပြောနည်းက စသင်ပေးသည်။

လမ်းခွဲခါနီးတော့ သူ အသံထွက်လာသည်။

'နင်တမ်းတနေတဲ့ အချစ်မျိုးကို ငါပေးချင်ပါတယ်ဟယ်။ ဒါပေမဲ့ နင်ဘာကို လိုချင်နေတယ်ဆိုတာ ငါမသိဘူး။ ငါတင်မဟုတ်ဘူး။ နင့်နှလုံးသားက ဘယ်သူ့ကိုမှ အတွင်းပိုင်းအထိ အဝင်မခံဘူး။ နင်က ငါနဲ့ချစ်နေတဲ့အခါမှာတောင် ငါ့အနားမှာ မရှိဘူး။ ဟိုး… အဝေးကြီးရောက်နေတယ်။ အနားမှာတိုက်နေတဲ့ လေနုအေးကလေးထဲက တစ်စုံတစ်ယောက် ဘွားခနဲ ပေါ်လာမှာကို စောင့်နေသလိုပဲ …'

နောက်တစ်ပတ်ကြာတော့ သူ့အလုပ်ထဲကို အမျိုးသမီး လိုက်လာသည်။ သူ နောက်တစ်ယောက် တွေ့နေပြီတဲ့။ နီဝါ နားလည်ပါသည်။ သူတို့နှစ်ယောက် အခင်အမင်မပျက်ဘဲ လမ်းခွဲလိုက်ကြသည်။ နောက်နှစ်ထဲတွင် ပို့စ်ကတ်တစ်ခု သူ့ဆီရောက်လာသည်။ မျက်လုံးပြာကလေး လက်ထပ်လိုက်ပြီတဲ့။ နောက် သူ့အကြောင်း ဘာမှ မကြားတော့။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် သူ နှစ်ဆယ့်ခြောက်နှစ်ပြည့်သည်။ ဂိုးလ်မင်း ထင်သည့်အတိုင်း ကမ္ဘာစစ်ကြီး ဖြစ်လာသည်။ နောက်တစ်လအကြာတွင် သူ့ရုံးခန်းသို့ နီဝါ ဝင်လာသည်။ တပ်ထဲဝင်တော့မည့်အကြောင်းပြောသည်။ ပြီးတော့ နယူးဘန်းသို့ ပြန်လာပြီး အဖေ့ကို နှုတ်ဆက်သည်။

နောက်တစ်ပတ်ကြာတော့ နီဝါတစ်ယောက် လေ့ကျင့်ရေးစခန်းတွင် ဘယ်ညာလျှောက်လှမ်းနေပြီ။ ထိုစဉ်တွင် ဂိုးလ်မင်းဆီမှ စာတစ်စောင် ရောက်လာသည်။ သူ့ ကြိုးစားမှုတွေအတွက် ကျေးဇူးတင်ကြောင်းနှင့် သူ့ လုပ်ငန်းကို ရောင်းလိုက်သည့်အကြောင်း၊ နီဝါအတွက် အနည်းငယ်မျှသော ရာခိုင်နှုန်းပေးမည်ဖြစ်ကြောင်း အကြောင်းကြားသည့်စာ။ စာကို သည်လို နိဂုံးချုပ်ထားသည်။

'မင်း မပါရင် ငါ့လုပ်ငန်း ဒီလောက် အောင်မြင်မှာ မဟုတ်ဘူး။ မင်းဟာ ငါ့အလုပ်သမားတွေထဲမှာ အတော်ဆုံးပဲ နီဝါ။ အင်း … မင်းသာ ဂျူးလူမျိုး ဖြစ်လိုက်ရင် …'

နောက်သုံးနှစ်လုံးလုံး ဗိုလ်ချုပ်ကြီး 'ပက်တန်'၏ တပ်မတွင် နီဝါ အမှုတော်ထမ်းသည်။ ကျောပေါ်တွင် ပေါင်သုံးဆယ်ထမ်းလျက် အာဖရိကမြောက်ပိုင်း သဲကန္တာရတစ်ခွင် ပြဲပြဲစင်သွားသည်။ ဥရောပ သစ်တောတွေထဲတွင် နွေမရှောင်၊ ဆောင်းမရှောင်၊ ရွံ့မရှောင် ဗွက်မရှောင်။ သူတို့တပ်သည် အမြဲတမ်း တိုက်ပွဲကြီးတွေ ဖြစ်ပွားရာနှင့် လက်တစ်ကမ်းတွင် ရှိခဲ့သည်။

အနားတစ်ဝိုက်မှ သူငယ်ချင်းတွေ အတုံးအရုံး သေကြသည်။ မိသားစုနှင့် မိုင်ထောင်ချီဝေးသည့် နေရာတွင် သူတို့ကို မြှုပ်နှံခဲ့ရသည်။

မှတ်မိနေသေးသည်။ ဥရောပတွင် စစ်ကြီးပြီးသွားလို့ လအနည်းငယ်အတွင်း ဂျပန်တွင်လည်း သေနတ်သံတွေ တိတ်သွားသည်။ တပ်ကမထွက်မီကလေးတွင် နယူးဂျာစီ ပြည်နယ်၊ မောရစ်ဂိုးလ်မင်း၏ ရှေ့နေတစ်ယောက်ထံမှ အကြောင်းကြားစာရသည်။ ပြန်ရောက်လို့ ရှေ့နေနှင့် သွားတွေ့ပြီးမှ အကျိုးအကြောင်း သိရသည်။

မစ္စတာဂိုးလ်မင်း မနှစ်က ကွယ်လွန်သွားပြီ။ သူ့လုပ်ငန်းတစ်ခုလုံး ရောင်းသွားသည်။ နိုဝါအတွက် ချက်လက်မှတ်တစ်စောင် ထားသွားသည်။ ငွေပမာဏမှာ ဒေါ်လာ ခုနစ်သောင်းနီးပါး။

နောက်အပတ်ထဲတွင် နယူးဘန်းသို့ သူ ပြန်ရောက်လာသည်။ အိမ်ကြီးကို ဝယ်လိုက်သည်။ မကြာခင် အဖေ့ကိုခေါ်ပြီး အိမ်ကြီးကိုပြသည်။ သူပြင်မည့် အစီအစဉ်တွေ၊ ပုံစံတွေကို ပြောပြသည်။ အဖေလမ်းလျှောက်ပုံကို သူ သိပ်အားမရ။ အားနည်းနေပုံ ချောင်းဆိုးနေသည်။ အဆုတ်ထဲမှ တရှဲရှဲမြည်နေသည်။ သူ စိတ်ပူသွားသည်။

'အလကားပါကွာ၊ အအေးမိသွားလို့ပါ' ဟု အဖေက ခပ်ပေါ့ပေါ့ပြောသည်။

တစ်လအတွင်း အဆုတ်အအေးမိရောဂါဖြင့် အဖေ ဆုံးသွားသည်။ အမေ့အုတ်ဂူနံဘေးတွင် ဂူသွင်း သင်္ဂြိုဟ်လိုက်သည်။ သင်္ချိုင်းသို့ နိုဝါ မကြာ မကြာ ရောက်သည်။ အုတ်ဂူနှစ်လုံးပေါ်သို့ ပန်းစည်းတွေချသည်။ အရာရာ လမ်းညွှန် သင်ကြားပေးခဲ့သည့် ကျေးဇူးရှင် မွေးသဖခင်ကို ရည်စူးပြီး ညစဉ် ဘုရားဝတ်ပြု ဆုတောင်းသည်။

ကားကို အိမ်ရှေ့တွင် ထိုးရပ်လိုက်တော့ အိမ်နီးနားချင်း အမျိုးသမီး မာသာရှောတစ်ယောက် သူ့အား လာစောင့်နေသည်ကို တွေ့ရသည်။ ကိုယ်တိုင်ဖုတ်သည့်မုန့်တွေ လက်ထဲမှာကိုင်ပြီး ကျေးဇူးစကားဆိုဖို့ လာစောင့်နေခြင်း ဖြစ်သည်။ သူက အမျိုးသမီးကို ကူညီခဲ့ဖူးသဖြင့် တုံ့ပြန်ခြင်းဖြစ်သည်။ မာသာ့ယောကျ်ားက စစ်အတွင်းတွင် ကျဆုံးသွားသည်။ ပြို့တော့မလို အိမ်တစ်လုံးနှင့် ကလေးသုံးယောက် ကျန်ရစ်သည်။ ဆောင်းဝင်တော့မည်ဖြစ်လို့

သူက အမျိုးသမီး၏အိမ်ကို ပြင်ပေးသည်။ အမိုးလဲပေးသည်။ ပြတင်းပေါက်တွေ ပြင်ပေးသည်။ အပေါက်အပြဲတွေ ဖာထေးပြီး မီးဖိုကအစ ပြင်ပေးခဲ့သည်။ အိမ်အသစ်နီးပါး ဖြစ်သွားသည်။

အမျိုးသမီး ပြန်သွားတော့ သူ့ဒေါ်ချ်ကားစုတ်ကြီးဖြင့် ဂတ်စ်အိမ်သို့ ထွက်လာခဲ့သည်။ သည်လိုပင် စတိုးဆိုင်သွားတိုင်း သူ့အိမ်ဝင်ဖြစ်သည်။ သူတို့ မိသားစုတွင် ကားမရှိ။ သမီးတစ်ယောက် ကားပေါ်ခုန်တက်ပြီး လိုက်လာသည်။ ပြီးတော့ နှစ်ယောက်သား ကုန်တိုက်ကြီးတစ်တိုက်တွင် ဈေးဝယ်ကြသည်။

အိမ်ပြန်ရောက်တော့ အထုပ်အပိုးတွေ ချက်ချင်းဖြေသည်။ ပြီးမှ ရေမိုးချိုး၍ ဘဒ်ဝိုက်ဇာတစ်ဘူးနှင့် ဒိုင်လန်တောမတ်စ် ကဗျာစာအုပ်ကို ဆွဲကာ ဆင်ဝင်အောက်သို့ ထွက်လာခဲ့သည်။

▣

သက်သေအထောက်အထား လက်ထဲမှာ ရှိနေလျက် အယ်လီတစ်ယောက် ဇဝေဇဝါဖြစ်နေသေးသည်။ လွန်ခဲ့သည့် သုံးပတ်က အဖေပြသည့် သတင်းစာ။ သူက ကော်ဖီယူဖို့ မီးဖိုခန်းထဲမှ ပြန်လာတော့ သည်သတင်းစာကို အဖေပြခြင်း ဖြစ်သည်။ ပုံတစ်ပုံကို ထောက်ပြပြီး မှတ်မိလားဟု အဖေက မေးသည်။

အယ်လီက စိတ်မပါ လက်မပါဖြင့် ပုံကို လှမ်းကြည့်လိုက်သည်။ ပြီးမှ သတင်းစာကို ကောက်ယူပြီး အနီးကပ်ကြည့်သည်။

''အို... မဖြစ်နိုင်ပါဘူး''

သူ့နှုတ်မှ အလိုလိုထွက်သွားသည်။ အသံက တိုးတိုးလေး။ အဖေက သမီးလုပ်သူကို အကဲခတ်နေမှန်း အယ်လီ လုံးဝသတိမထားမိ။ သတင်းဆောင်းပါးကို ထိုင်ဖတ်သည်။ အမေရောက်လာပြီး မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ ဖတ်ပြီးသွားတော့ အယ်လီက သတင်းစာကို ဘေးဖယ်လိုက်သည်။ အမေက သူ့ကိုကြည့်ပြီး ''သမီး နေကောင်းရဲ့လား'' ဟုမေးသည်။

''မျက်နှာ မကောင်းပါလား၊ ဘာဖြစ်လို့လဲဟင်''

အယ်လီ မဖြေ။ မဖြေနိုင်။ သည်တော့မှ သူ့လက်တွေ တုန်နေသည်ကို သတိထားမိသည်။ သည်နေ့ကစပြီး ဇာတ်လမ်းပြန်စခဲ့ခြင်းဖြစ်သည်။

တစ်ယောက်တည်း တိုးတိုးလေး ပြောလိုက်မိသည်။

“အင်း … ပြီးသွားတန် ကောင်းပါရဲ့၊ တစ်နည်းနည်းနဲ့ ပြီးသွားမှာပါ”

သတင်းစာဖြတ်ပိုင်းကို ပြန်ဖြန့်လိုက်သည်။ ထိုနေ့က ဖြတ်ယူထားသောဆောင်းပါး။ အိပ်ခန်းထဲတွင် တစ်ခါ ထပ်ဖတ်သည်။ ထပ်ကာထပ်ကာ ဖတ်သည်။ အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူးနော်။ သုံးပတ်လုံးလုံး စဉ်းစားသည်။ နောက်ဆုံးတွင်မှ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဆောက်တည်ရာမရ ဖြစ်နေသော သူ့ကိုကြည့်ပြီး ဝိုင်းမေးကြသည်။ အလုပ်တွေရှုပ်ပြီး ပင်ပန်းလွန်းလို့ပါဟူသည့် အကောင်းဆုံးအဖြေကို အယ်လီ ပေးနိုင်ခဲ့သည်။ မင်္ဂလာဆောင်ကိစ္စနှင့် အလုပ်တွေ ရှုပ်နေကြချိန် မဟုတ်ပါလား။ နှစ်ရက်လောက် အနားယူဖို့ ခရီးထွက်မည် ပြောသည့်အခါ လင်းအပါအဝင် ဘယ်သူမှ မကန့်ကွက်ကြတော့ပေ။

မင်္ဂလာဆောင်ကို တခမ်းတနားလုပ်ဖို့ ပြင်ဆင်နေကြသည်။ လူငါးရာအထိ ဖိတ်မည်တဲ့။ ပြည်နယ်အုပ်ချုပ်ရေးမှူး အပါအဝင် လွှတ်တော်အမတ်နှင့် ပီရူးသံအမတ်ကြီးကိုပါ ဖိတ်မည်တဲ့။ အယ်လီက သည်လောက် အကျယ်မချဲ့ချင်။ သို့သော် လွန်ခဲ့သည့် ခြောက်လက သူတို့၏ စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါပြီးနောက်ပိုင်း အထက်တန်းလွှာ လူမှုရေးကဏ္ဍတွင် ဟိုလေးတကျော်ဖြစ်သွားပြီလေ။

မတ်တတ်ပြန်ထပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြီးတော့ တိုးတိုးလေး ပြောလိုက်မိပြန်သည်။

“ခုလုပ်ချင်လုပ်၊ နောက်ဆို ဘယ်တော့မှ လုပ်ဖြစ်တော့မှာ မဟုတ်ဘူး”

ပြောပြောဆိုဆို ပစ္စည်းတွေ ကောက်ယူပြီး တံခါးဝဆီလျှောက်သွားသည်။ အောက်ထပ်ရောက်လို့ ရုံးခန်းကို ဖြတ်လျှောက်သွားတော့ တည်းခိုခန်းမန်နေဂျာက သူ့ကို ပြုံးကြည့်နေသည်။ ကားဆီသို့ ဆက်လျှောက်သွားတော့ ပုဂ္ဂိုလ်က သူ့ကို နောက်က လိုက်ကြည့်နေသည်ဟု စိတ်ထဲက ထင်လိုက်သည်။ ကားထဲဝင်ထိုင်ပြီး စက်နှိုးသည်။ ပြီးတော့ လမ်းပေါ် မောင်းထွက်ခဲ့သည်။

သည်မြို့ကလေးကို ပြန်မရောက်တာ နှစ်တွေ ဘယ်လောက် ကြာခဲ့ပြီလဲ။ သို့သော် လမ်းတွေကို မှတ်မိနေသည်။ ထရင့်မြစ်ဖြတ် တံတားဟောင်း

ကြီးကို ဖြတ်မောင်းခဲ့သည်။ ကျောက်စရစ်ခင်း လမ်းကလေးအတိုင်း ဆက်မောင်းလာခဲ့သည်။ ရှေးခေတ်ပုံစံဖြင့် စိုက်ပျိုးထားသည့် ခြံတွေကို ဖြတ်ကျော်လာခဲ့သည်။ ခြံသမားအချို့အကြောင်း ကြားဖူးသည်။ သူတို့၏ ရှေးရိုးအစဉ်အလာကို ဘယ်တော့မှ မပြောင်းချင်ကြ။ သူတို့၏ ဘိုးဘေးဘီဘင်လက်ထက်က ဘဝနေနည်းပုံစံကို ဆုပ်ကိုင်ကြသည်တဲ့။ သူတို့သည် အစဉ်အလာကို ထိန်းသိမ်းကြသည်။ အတိတ်ကို ထွေးပိုက်ကြသည်။ သည်ဒေသ၏အငွေ့အသက်တွေထဲသို့ အယ်လီ ရောက်နေပြီ။

ဒါကြောင့်လား မသိ။ ပြန်ပြောလို့ မကုန်နိုင်သည့် တစ်ရံရောအခါက အတိတ်ပုံပြင်သည် အာရုံတွင် တရိပ်ရိပ် ထင်လာသည်။ မေ့နေပြီဖြစ်သည့် မြို့အနေအထားနှင့် လမ်းတွေကို အလွတ် ရနေပါကလား။

ဘယ်ဘက်က သစ်ပင်တန်းပေါ်တွင် နေဝန်းကြီး ဟီးလေးခိုနေပြီ။ ဘုရားရှိခိုးကျောင်းအိုကြီးကို ဖြတ်မောင်းလာခဲ့သည်။ သည်ကျောင်းထဲဝင်ပြီး ပြည်တွင်းစစ်အတွင်းက ဒဏ်ရာဒဏ်ချက်တွေကို ကြည့်ခဲ့ဖူးသေးသည်လေ။ ဆက်မောင်းလာခဲ့သည်။ အတိတ်၏ အရိပ်တွေ ပို၍ ပီပြင်လာသည်။ မနေ့တစ်နေ့က ဖြစ်ခဲ့သည့် အတိုင်းပါလားကွယ်။

အလွန်ကျက်သရေရှိသည့် မြစ်ကမ်းနဖူးမှ အဓိကရ ဝက်သစ်ချပင်ကြီးကို လှမ်းမြင်ရပြီ။ အင်း ... ဟိုတုန်းကအတိုင်းပါပဲ။ ခပ်နိမ့်နိမ့် အကိုင်း၊ အခက်၊ အရွက်တွေက မြေပြင်နှင့် မျဉ်းပြိုင် အုပ်ဆိုင်းဝေဖြာလျက်။ တွဲရရွဲ ကျနေသည့် ရေညှိမှော်တွေက သည်အပင်ကြီး မည်မျှ အသက်ရှည်ခဲ့ပြီဖြစ်ကြောင်း ပြနေဘိသို့ ရှိလေသည်။ သည်အပင်ရိပ်မှာပေါ့။ ပူပူလောင်လောင် နွေတစ်ရက်မှာ မိမိကို စိုက်ကြည့်နေသည့် သူ့မျက်လုံးတွေ။ အဲဒီ တဒင်္ဂမှာ သူ့ကို ကြွေခဲ့တာလေ။ အဲဒီမှာ ပထမဆုံးအကြိမ်အဖြစ် အချစ်နဲ့ တွေ့တာပါ။

သူက အယ်လီ့ထက် နှစ်နှစ်ကြီးသည်။ ဆက်မောင်းရင်း သူ့ရုပ်သွင်ကို မြင်လာသည်။ အသက်ထက် ပိုကြီးနေသည် ထင်ရ၏။ ပင်ပန်းနွမ်းနယ်နေသည့် ပုံမျိုး။ လယ်သမားတစ်ယောက် လုပ်ငန်းခွင်မှ ပြန်ရောက်ပုံနှင့် တစ်ပုံတည်း။ သူ့လက်တွေက ခပ်ကြမ်းကြမ်း။ ပခုံးကျယ်ကြီးနှင့်ဖြစ်သည်။ တကယ့်အလုပ်ကြမ်းသမားတစ်ယောက် ပုံစံမျိုး။ မျက်လုံးတစ်ဝိုက်မှာ ရာသီဥတုဒဏ်ကြောင့် ညှိနေသည်။ ပြီးတော့ မိမိရင်ထဲထိ ဖောက်ထွင်းကြည့်မြင်ခဲ့သည့် မျက်လုံးတွေ။

နိုဝါသည် အရပ်မြင့်မြင့်နှင့် အားကောင်းမောင်းသန် ကိုယ်နေဟန်ရှိသူ ဖြစ်သည်။ ဆံပင်က အညိုရောင်။ သူ့မျက်နှာနှင့် လိုက်ဖက်သည်။

အမှတ်မိဆုံးကတော့ သူ့အသံ။ ဝက်သစ်ချရိပ်တွင် လဲလျောင်းပြီး ကဗျာရွတ်ပြသည့် သူ့အသံမှာ ဂီတဆန်နေသည်။ စွဲမက်စရာကောင်းသည့် အသံမျိုးဖြစ်သည်။ သူရွတ်သည့် ကဗျာတွေက အသံချိုသည်။ မိန်းမူးဖွယ်ကောင်းသည်။ မျက်လုံးကလေးမှေးစင်းပြီး နားထောင်နေသည့် သူ့ရုပ်သွင်ကိုလည်း သူ့ဘာသာသူ ပြန်မြင်နေသည်။ သူ့အနား တိုးကပ်ပြီး ဝိညာဉ်ထဲ စိမ့်ဝင်သွားအောင် နားထောင်နေခြင်းမျိုး။

သူ့ကဗျာစာအုပ်ဟောင်းကြီးက ထောင့်တွေ တွန့်လိပ်နေပြီ။ အကြိမ်ပေါင်း မရေတွက်နိုင်အောင် သူဖတ်နေသည့် စာအုပ်။ အတန်ကြာဖတ်ပြီးတော့ သူ နားသည်။ နှစ်ယောက်သား စကားတွေ ဖောင်ဖွဲ့ကြသည်။

အယ်လီက သူ့ဘဝ မျှော်မှန်းချက်တွေကို ပြောပြသည်။ သူ့ အနာဂတ် အိပ်မက်တွေအကြောင်း ပြောပြသည်။ သူက နားထောင်ပြီး အားလုံး ဖြစ်လာမှာဖြစ်ကြောင်း အားပေးစကားပြောသည်။ သူပြောတာတွေ အယ်လီ အားလုံး ယုံသည်။ မိမိကို သူ ဘယ်လောက် အလေးထားသည်ကို သိနေသည်လေ။

လမ်းတစ်လမ်းကို ချိုးလိုက်တော့ ဟိုအဝေးတွင် အိမ်ကြီးကို လှမ်းမြင်နေရပြီ။ အို့ ... မယုံကြည်နိုင်စရာပါလား။ လုံးဝ ပြောင်းလဲသွားတာပဲ။ မှတ်မိသည့် ဟိုတုန်းကအိမ်ကြီးနှင့် တခြားစီဖြစ်သွားပြီ။ သစ်ပင်တွေ တန်းစီနေသည့် မြေနီလမ်းကလေးအတိုင်း ချိုးဝင်သွားသည်။ ဝင်လာသည့်ကားကို ဆင်ဝင်အောက်မှ စောင့်ကြည့်နေသည့် သူ့အား လှမ်းမြင်လိုက်တော့ အယ်လီ သက်ပြင်းတစ်ချက် ချလိုက်သည်။ သူက အိမ်နေအဝတ်အစားနှင့်ပင်။ အဝေးက ကြည့်တော့ သူ့ပုံစံ ဘာမှမပြောင်း။ ဆည်းဆာနေရောင်က သူ့နောက်ဘက်မှ ထိုးနေတော့ သူ့ပုံရိပ်သည် ရွှေခင်းတွေထဲတွေ ရောဝင်နေသည်။

ကား ဆက်လိမ့်သွားသည်။ အိမ်ရှေ့ ဝက်သစ်ချပင်ကြီးတစ်ပင်အောက်တွင် ရပ်လိုက်ပြီး စက်သတ်လိုက်သည်။ မျက်လုံးအစုံက သူ့ဆီမှမခွာ။ သူထလာသည်။ ဆင်ဝင်အောက်မှ လှမ်းထွက်လာသည်။ ကားဆီသို့ တစ်လှမ်းချင်း လျှောက်လာသည်။ မိန်းကလေး ကားပေါ်မှ ဆင်းလိုက်တော့ သူ တုံ့ခနဲ ရပ်လိုက်သည်။ နှစ်ယောက်သား ကျောက်ဆစ်ရုပ်နှစ်ခုလို ငြိမ်ပြီး ရပ်နေကြသည်။

တကယ်ကော ဟုတ်ရဲ့လား။ အသက် နှစ်ဆယ့်ကိုးနှစ်ရှယ်၊ စေ့စပ်ကြောင်းလမ်းထားပြီးသား အယ်လီဟယ်မီလ်တန်က အဖြေရှာနေသည်။ အသက်သုံးဆယ့်တစ်နှစ်အရွယ် နိုဝါကော်လ်ဟွန်းက ရီဝေဝေဖြင့် တစ္ဆေခြောက်ခံရသလို မိန်းကလေးကို စိုက်ကြည့်နေသည်။

▣

# အခန်း ( ၃ )

## ပြန်လည်၍ တွေ့ဆုံကြခြင်း

မျက်နှာချင်းဆိုင် တွေ့ကြပြီ။ သို့သော် ဘယ်သူမှ မရွေ့ကြ။ သူ ဘာမှ မပြောပါ။ ငါ့ကို မမှတ်မိတော့ဘူးထင်တယ်ဟု အယ်လီ တွေးလိုက်သည်။ အကြောင်းမကြား ဘာမကြားနှင့် အခုလို ရောက်လာခြင်းအတွက် အပြစ်ကျူးလွန်သူလို ဖြစ်နေမလားကွယ်။ တစ်ခုခုပြောဖို့ ကြိုးစားသည်။ သို့သော်  သူ့နှုတ်မှ တစ်ခွန်းမျှ ထွက်မလာ။

သူ့ကို အယ်လီ စိုက်ကြည့်နေသည်။ သူ သိပ်မပြောင်းလဲပါဘူး။ ခံ့ချောချောနေဆဲ။ ရှပ်အင်္ကျီကို လျော့တိလျော့ရဲ ဝတ်ထားသည်။ ဂျင်းဘောင်းဘီက ဟိုတုန်းကလိုပင် အရောင်လွင့်လွင့်ပြယ်ပြယ်။ သည်ပခုံးကျယ်ကြီးကို ကောင်းကောင်းမှတ်မိသည်ပေါ့။ တင်ပါးဆီသို့ ရှူးဆင်းသွားသည့် ခန္ဓာကိုယ်။ ပြားချပ်ချပ်နှင့် ကြွက်သားကလေးများ လှိုင်းထနေသည့် ဝမ်းဗိုက်သား။ အသားကတော့ နည်းနည်းညိုသွားသည်။ တစ်နေကုန်တစ်နေခန်း အလုပ်လုပ်နေသည် ထင်ပါရဲ့။ ဆံပင် နည်းနည်းပါးသွားပြီး အရောင်ဖျော့သွားသလားပဲ။ ဒါပေမဲ့ နောက်ဆုံး တွေ့ခဲ့တဲ့ အတိုင်းပါပဲ။ ဘာမှ မပြောင်းလဲပါဘူး။

သက်ပြင်းရှည်ကြီးတစ်ချက် အားရပါးရ ချပြီးမှ စကား စလိုက်သည်။

''နီဝါ… မောင် … မောင်က အရင်အတိုင်းပဲနော်၊ ဝမ်းသာလိုက်တာကွယ်''

သူက အံ့ဩလွန်းသည့် မျက်လုံးများဖြင့် မိန်းကလေးကို ပြန်ကြည့်နေသည်။ ပြီးမှ ခေါင်းကို မသိမသာယမ်းသည်။ နောက်တော့မှ ခပ်ဖြည်းဖြည်းချင်း ပြုံးနိုင်လာသည်။

''မင်းလည်း အတူတူပါပဲ အယ်လီရယ်''

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး လက်တစ်ဖက်ဖြင့် မေးစေ့ကို ပွတ်လိုက်သည်။ မုတ်ဆိတ် ရိတ်မထားကြောင်း အယ်လီ သတိထားမိလိုက်သည်။

''မင်း အယ်လီ ဟုတ်ပါတယ်နော်၊ ကိုယ်တော့ မယုံနိုင်အောင် ဖြစ်နေတယ်''

သူ တကယ် တအံ့တဩ ဖြစ်နေမှန်း သူ့အသံက သက်သေခံနေသည်။ အံ့ဩရုံမက ထိတ်လန့်နေပုံလည်းရသည်။ အတူတူပါပဲကွယ်။ အယ်လီကိုယ်တိုင်လည်း ရင်ထဲတွင် လှိုင်းထနေသည်။ ဝေဒနာဟောင်းတွေ ပြန်ပေါ်လာပြီး မူးရီမူးဝေ ဖြစ်လာသည်။ ဒါပေမဲ့ ခဏလေးပါ။ ချက်ချင်း ပြန်ထိန်းလိုက်နိုင်သည်။ သည်လို ဖြစ်လိမ့်မည်ဟု လုံးဝ ကြိုမတွေးခဲ့မိ။

ဘာလို့ ဖြစ်ရမှာလဲ။ ငါက အိမ်ထောင်ပြုတော့မယ့်ဆဲဆဲပဲ။ ဒီလိုဖြစ်ဖို့ လာခဲ့တာမှ မဟုတ်ဘဲ …။ ဒါပေမဲ့ … ဒါပေမဲ့။ ကိုယ့်ကိုယ်ကိုယ် မုန်းချင်လာသည်။ ဖြစ်စေချင်တာ တခြား၊ ဖြစ်လာတာ တခြား။ စိတ်ထဲ ချက်ချင်း ဆယ့်ငါးနှစ် သမီးကလေး ပြန်ဖြစ်သွားသည် ထင်လိုက်၏။ သည်လို မဖြစ်တာ ကြာပါပြီ။ ဟိုတုန်းက မက်ခဲ့ဖူးတဲ့ အိပ်မက်တွေ တကယ် ဖြစ်လာတော့ မလိုလို။ ဒါကြောင့် ဒီကို ပြန်ရောက်လာသလိုလို။

ဘာမျှ မပြောဘဲ ပြိုင်တူ ရှေ့တိုးလိုက်ကြသည်။ ဘာမျှ မထူးဆန်းသည့် ကိစ္စတစ်ခုအလား နီဝါက အယ်လီကို သိုင်းဖက်လိုက်သည်။ ပြီးတော့ တစ်ဦးနှင့်တစ်ဦး တအားဖက်ထားကြသည်။ မှောင်ရီဖျိုးဖျ ဆည်းဆာညတွင် ကွဲကွာနေသည့် ဆယ့်လေးနှစ်ကာလ ကွယ်ပျောက်သွားသည့်အလား။

တစ်ယောက်နှင့်တစ်ယောက် ပြန်မခွဲရဲ၊ မခွဲရက်တော့သလို အကြာကြီး ဖက်ထားကြသည်။ နောက်ဆုံးတွင်မှ သူ့ရင်ဘတ်ကို အသာတွန်းပြီး မော့ကြည့်

လိုက်သည်။ သူ့မျက်နှာကို အနီးကပ်မြင်ရတော့ စောစောက သတိမပြုခဲ့မိသည့် အပြောင်းအလဲကလေးများ တွေ့ရသည်။ သူ့မျက်နှာတွင် ငယ်ရုပ်မဆင်တော့။ နူးညံ့သည့် အငွေ့အသက်များ မတွေ့ရတော့။ မျက်ဝန်းတစ်ဝိုက်တွင် အရေးအကြောင်းကလေးများ ထင်စပြုနေသည်။ ဟိုတုန်းကလို အပြစ်ဟူ၍ မြူငွေ့မျှ မထင်သည့် မျက်နှာကလေး၏ နေရာတွင် ရင့်ကျက်တည်ငြိမ်မှုများ အစားဝင်လာသည်။ မည်သို့ ဖြစ်စေ သူရင်ခွင်ထဲရောက်မှ သူ့ကို ဘယ်ရွှေ့ ဘယ်မျှ အောက်မေ့နေသည်ကို အယ်လီ နားလည်လာသည်။

မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ မျက်လုံးထောင့်မှ မျက်ရည်တွေ သုတ်ပြီး ရယ်သည်။ ပျော်တယ်ကွယ်။ ရင်ထဲမှာလည်း ကတုန်ကယင်ကြီး။

"မင်း ဘာမှ မဖြစ်ပါဘူးနော် အယ်လီ"

သည်တစ်ခွန်းပဲ မေးဖြစ်သည်။ သူ့ မျက်လုံးထဲမှာတော့ မေးခွန်းတွေ ထောင်ပေါင်းများစွာ။

"ဆောရီးနော်၊ မငိုမိအောင် ကြိုးစားတာပဲ၊ ရမှ မရတာ"

သူ ပြုံးနေသည်။

"ကိုယ်နားလည်ပါတယ်ကွယ်။ အင်း ... မယုံနိုင်အောင်ပဲကွာ။ ကိုယ့်ကို မင်း ဘယ်လို ရှာတွေ့တာလဲဟင်"

အယ်လီ နောက်ဆုတ်လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်ပြီး မျက်ရည်စတွေကို သုတ်သည်။

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ရာလေးသတင်းစာတစ်စောင်မှာ ဒီအိမ်ကြီးအကြောင်း သတင်းဆောင်းပါး ပါလာတယ်။ အဲဒီမှာ သူ့ကို လာတွေ့ချင်စိတ် ဖြစ်လာတာ"

နိုဝါက ပြည့်ပြည့်ဝဝကြီး ပြုံးလိုက်သည်။ နောက်တစ်လှမ်းဆုတ်ပြီး သူ့ကို သေသေချာချာ ကြည့်သည်။

"ဝမ်းသာလိုက်တာကွာ၊ ဟိုတုန်းကထက် ပိုလှလာတယ်နော်"

အယ်လီ့ မျက်နှာကလေး သွေးရောင်လွှမ်းသွားသည်။ လွန်ခဲ့သည့် ဆယ့်လေးနှစ်က အတိုင်းပင်။

"သူလည်း အတူတူပါပဲ" ဟု ရှက်ပြုံးကလေးဖြင့် အယ်လီ ပြန်ပြောလိုက်သည်။

"မင်း ဘယ်ပျောက်သွားတာလဲ အယ်လီ၊ ဘယ်လို ဘယ်လို ဒီကို ပြန်ရောက်လာတာလဲ"

ခုမှ သည်နေရာကို ရောက်နေကြောင်း အယ်လီ ပြန်သတိရသည်။ သတိလက်လွတ်ဖြစ်သွားလျှင် ဘာတွေ ဖြစ်နိုင်သည်ကိုပါ တွေးလိုက်မိသည်။ အဲဒီလို မဖြစ်စေဖို့ သူ့ကိုယ်သူ သတိပေးလိုက်သည်။ ခက်တော့ ခက်လိမ့်မည်။ ကြာလေ ခက်လေ ဖြစ်လာတော့မည်။ အို ... အဲဒီလိုတော့ မဖြစ်ပါရစေနဲ့ ကွယ်။

တစ်ဖက်ကိုလှည့်ပြီး သက်ပြင်းချပြန်သည်။ အင်း... ဘယ်က စပြောရပါ့မလဲ။ နောက်ဆုံးကျမှ အသံကိုထိန်းပြီး ပြောလိုက်ရတော့သည်။

"ဒီလို နို၀ါ တလွဲမထင်နဲ့နော်၊ ပြောစရာတစ်ခုရှိလို့ ရောက်လာခဲ့တာ"

"ဘာများပါလိမ့်ဗျာ"

အယ်လီ အဝေးသို့ ငေးကြည့်နေသည်။ ခဏ ဆွံ့နေသည်။ ပြောလို့မထွက် ဖြစ်နေသည့်အတွက် သူ့ကိုယ်သူ အံ့သြနေသည်။ နို၀ါက သိချင်လှပြီ။ ဘာများပါလိမ့်ဆိုပြီး တထိတ်ထိတ် ဖြစ်နေပြီ။ အမင်္ဂလာသတင်းများလား။

"အင်း ... ဘယ်က စပြောရမှန်းတောင် မသိတော့ပါဘူးကွယ်၊ ပြောမလို့ လာခဲ့ပြီးမှ၊ ဩော် ... ဒုက္ခပါပဲ"

တောကြောင်တစ်ကောင်၏ စူးစူးဝါးဝါးအော်သံ လေထဲတွင် ပျံ့လာသည်။ တဝုတ်ဝုတ်ဟောင်ပြီး ဆင်ဝင်အောက်မှ မိချော ထွက်လာသည်။ သူတို့နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြသည်။ တော်ပါသေးရဲ့ဟု အယ်လီ 'ဟင်း' ချနိုင်သွားသည်။ မဟုတ်ရင် .ဘာပြောရမှန်းသိမှာ မဟုတ်ဘူးလေ။

"နို၀ါ့ ကောင်လေးလား"

ခွေးကလေးကိုကြည့်ပြီး အယ်လီ မေးလိုက်သည်။

နို၀ါ ခေါင်းညိတ်ပြလိုက်သည်။ ရင်ထဲတွင်တော့ မတင်မကျ ဖြစ်နေဆဲ။

"ကောင်လေး မဟုတ်ဘူး အယ်လီ၊ ကောင်မလေး၊ သူ့နာမည်က မိချောတဲ့၊ ဟုတ်တယ်၊ ခုတော့ ကိုယ့်အပိုင်ဖြစ်သွားပြီ၊ သနားလို့ ယူမွေးထားတာ"

ခြေထောက်တစ်ဖက် ထော့ကျိုး ထော့ကျိုး ဖြစ်နေတာမြင်တော့ အယ်လီ မျက်ခုံးပင့်လိုက်သည်။

"သူ့ခြေထောက် ဘာဖြစ်တာလဲဟင်"

"ကားတိုက်ခံရတာ၊ တိရစ္ဆာန် ဆရာဝန်က မွေးမလား မေးတာနဲ့ ခေါ်ထားလိုက်တာ၊ သူ့သခင်က ပြန်မယူချင်တော့ဘူးတဲ့လေ"

"နို့ဝါက အကြင်နာတရား ကြီးမားပါတယ်လေ"

ရင်ထဲ မဆိုစလောက် ပေါ့သွားသည်။ သူ့ကိုကျော်ပြီး အိမ်ကြီး ဆီသို့ လှမ်းကြည့်သည်။

"အင်း ... အံ့သြကုန်နိုင်ဖွယ်ပါပဲ၊ ဟို အိမ်ကြီးကနေ ဒီလိုပုံဖြစ်လာ လိမ့်မယ်လို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူးနော်။ အားလုံး နို့ဝါ့ လက်ရာတွေ ချည်းပေါ့နော်"

နို့ဝါက သူနှင့်အတူ အိမ်ကြီးကို လှမ်းကြည့်လိုက်ပြီး တွေးနေ သည်။ စောစောက စကားကို သူ ဘာလို့ ရပ်ပစ်လိုက်တာပါလိမ့်။

"ဟုတ်တယ်၊ ကျေးဇူးတင်ပါတယ် အယ်လီ၊ နောက်ထပ် ဒါမျိုး ဆောက်ခိုင်းရင်တော့ ဖြစ်ချင်မှ ဖြစ်မယ် ထင်တယ်"

"အို ... ဘာလို့ မဖြစ်ရမှာလဲ"

အယ်လီ အားတက်သရော ပြောသည်။ သည်အိမ်ကြီးကို သူ ဘယ်လောက် ကြိုးစားပြီး ပြုပြင်ထားသည်ကို အယ်လီ မှန်းကြည့်နိုင်ပါသည်။ ပြောပြီးတော့ အယ်လီ သတိဝင်လာသည်။ နှစ်ယောက်သားက သူစိမ်း ပြင်ပြင်တွေပဲ။ ဆယ့်လေးနှစ်ဆိုသည့် အချိန်က နည်းနည်းနောနော အချိန် လား။ တံတားအောက်မှာ ရေတွေ အများကြီး စီးသွားခဲ့ပြီ။

"မင်း ဘာပြောမလို့လဲ အယ်လီ"

သူ့ဘက်လှည့်ပြီး မေးလိုက်သည်။ အယ်လီက အိမ်ကြီးကို ငေးကြည့် နေဆဲ။

"အယ်လီ့ကို ရူးတယ်လို့ မထင်ဘူးလား"

ပြုံးဖို့ ကြိုးစားရင်း ပြန်မေးသည်။

"မင်း ဘာဆိုလိုတာလဲဟင်"

"အားလုံးပဲလေ၊ မိုးပေါ်က ကျလာသလို ဘွားခနဲ ပေါ်လာပြီး ဘာပြောရမှန်းမသိ ဖြစ်နေတယ်၊ ကိုယ့်ကိုယ်ကိုယ်တော့ ရူးနေပြီထင်တာပဲ"

''မင်း မရှုးပါဘူးကွယ်''

နီဝါက သူ့လက်ကလေးကို လှမ်းကိုင်ပြီး ပြောလိုက်သည်။ အယ်လီက သူ့လက်ကို ပြန်ဆုပ်ထားသည်။

သူ စကားဆက်သည်။

''ဘာရယ်လို့တော့ မသိဘူး၊ မင်း အစရ ခက်နေတယ်ဆိုတာတော့ ကိုယ်သိတယ်၊ လမ်းလျှောက်လိုက်ကြရအောင်လား''

''ဟိုတုန်းကလိုပေါ့နော်''

''ဒါပေါ့ ဟိုတုန်းကလိုပေါ့''

အယ်လီ ခဏ တွေသွားသည်။ အိမ်ကြီးဆီသို့ တစ်ခါ ပြန်ကြည့်သည်။

''လမ်းလျှောက်သွားမယ်လို့ မမှာခဲ့ဘူးပေါ့''

သူက ခေါင်းယမ်းပြီး ပြန်ပြောသည်။

''ဘယ်သူမှ မရှိဘူးလေ၊ ကိုယ်နဲ့ မိချော နှစ်ယောက်တည်းလေ''

ထင်တော့ ထင်ပါသည်။ သို့သော် တမင်မေးလိုက်ခြင်း ဖြစ်သည်။ သူ့မှာ တစ်ယောက်ရှိနေပြီဆိုလျှင် ဘယ်လောက်ကောင်းမည်လဲ။ အစရ မခက်တော့ဘူးပေါ့။ ဒါပေမဲ့ ဘယ်လို ခံစားရမလဲဆိုတာတော့ မသိဘူးပေါ့နော်။

နှစ်ယောက်သား မြစ်ဘက်သို့ လျှောက်လာကြသည်။ ရောက်တော့ ကမ်းနဖူးပေါ်က လမ်းကလေးအတိုင်း ဆက်လျှောက်ကြသည်။ အယ်လီက သူ့လက်ကို လွှတ်လိုက်ပြီး ဆက်လျှောက်သည်။ အသားချင်း မထိကြတော့။

မိန်းကလေးကို နီဝါ ငဲ့ကြည့်သည်။ ရွှေရောင်ဆံပင်တွေက ထူထူထဲထဲ။ လေထဲတွင် လွင့်ဝဲလျက်။ လမ်းလျှောက်ပုံက ညင်သာသည်။ ကျက်သရေရှိသည်။ မိန်းမချောတွေကို တွေ့ဖူးမြင်ဖူးခဲ့ပါ၏။ သို့သော် တစ်ခုခု လိုနေသည်ထင်၏။ သူတို့အလှက မပြည့်စုံဟုထင်၏။ ဥပမာ ထက်မြက်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်း၊ စိတ်ဓာတ်ခွန်အား ခိုင်မာခြင်း စသည် စသည်။ ပြီးတော့ ဆွဲဆောင်မှုပေါ့။ သူက ဒါတွေနှင့် ပြည့်စုံမှ အလှတစ်ပါး ပိုင်ရှင်ဟု သတ်မှတ်ချင်သည်။

အယ်လီ့တွင် သူလိုချင်တာတွေ အားလုံး ပြည့်စုံသည်။ မိန်းမတို့ ကျက်သရေနှင့် ပြည့်စုံနေသည်။ ကဗျာတစ်ပုဒ်၏ လှခြင်းမျိုးဖြင့် လှသည့်

သည်မိန်းကလေး။ သူ့အကြောင်း သူများတွေကို ပြောဖြစ်လျှင် သည်လိုပင် သူ တင်စားတတ်သည်။

မြက်ခင်းစိမ်းစိမ်း လွှမ်းထားသည့် တောင်ကုန်းကလေးပေါ်ရောက်တော့ အယ်လီ စကားစသည်။

''ပြန်ရောက်တာ ဘယ်လောက် ကြာပြီလဲဟင်''

''ပြီးခဲ့တဲ့ ဒီဇင်ဘာလထဲမှာ ပြန်ရောက်တယ်။ မြောက်ပိုင်းမှာ သွားပြီး အလုပ်လုပ်သေးတယ်။ ဥရောပကိုလည်း သုံးနှစ်လောက် ရောက်သွားသေးတယ်''

သူက အံ့သြသွားပုံဖြင့်-

''တပ်ထဲ ဝင်လိုက်တယ်ပေါ့''

ခေါင်းညိတ်ပြလိုက်တော့ သူ ဆက်ပြောသည်။

''အင်း - ဝင်မယ်လို့တော့ ထင်လိုက်ပါတယ်လေ၊ ကံကောင်းလို့ ပြန်ရောက်လာတာပေါ့နော်''

''ကိုယ်လည်း အဲဒီလိုပဲ ထင်တယ်''

''ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ရောက်တော့ မပျော်ဘူးလား''

''ပျော်တာပေါ့၊ နယူးဘန်းက ကိုယ့်ဇာတိပဲ၊ ချည်တိုင်ကိုတော့ ပြန်ရောက်ရမှာပေါ့''

ခဏနားပြီးမှ စကားဆက်သည်။

''မင်းအကြောင်း ပြောပါဦး''

သာယာညင်းပျောင်းစွာ မေးလိုက်ခြင်း ဖြစ်သည်။

စိတ်ထဲကတော့ အဆိုးဆုံးကို မျှော်လင့်ထားသည်။

အကြာကြီး ငိုင်နေပြီးမှ အယ်လီ ဖြေသည်။

''အယ်လီ လက်ထပ်တော့မယ် နို့ဝါ''

နို့ဝါက ဇက်ကျိုးကျသွားသလို မျက်နှာအောက်ချထားလိုက်သည်။ တစ်ကိုယ်လုံး နုံးခွေသွားသည် ထင်လိုက်၏။ သြော် ··· ဒါကြောင့်ကိုး။ ဒါကြောင့် သူ စတင်ရန် ခက်ပါဘိ ဖြစ်နေတာကိုး။

''ဝမ်းသာပါတယ် အယ်လီ၊ ဂုဏ်ယူပါတယ်၊ ဘယ်တော့ မင်္ဂလာဆောင်ကြမှာလဲ''